# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက် လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular(prefabricated) house ၁၈၀၄ လုံးတို့ကို လွှဲပြောင်းလက်ခံ




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက် လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular(prefabricated) house ၁၈၀၄ လုံးတို့ကို တာဝန်ရှိသူများ လွှဲပြောင်းလက်ခံစဉ်။

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် Operation Room ၉၅ လုံး တင်ဆောင်လာသည့် MTT Sapangar သင်္ဘောသည် မေ ၁၂ ရက် ညနေ ၆ နာရီခွဲနှင့် Modular(prefabricated) house ၁၈၀၄ လုံး တင်ဆောင်လာသည့် SOUTHERN VENTURE သင်္ဘောသည် မေ ၁၃ ရက် ညနေ ၆ နာရီ ၃၈ မိနစ်တို့တွင် သီလဝါ(MITT)ဆိပ်ကမ်းသို့ အသီးသီးရောက်ရှိခဲ့သည်။

ထိုသို့ရောက်ရှိလာသည့် Operation Room ၉၅ လုံးနှင့် Modular (prefabricated) house ၁၈၀၄ လုံးတို့ကို ယနေ့ နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၃ ကော်လံ ၅* ❖

## ယနေ့ ဖတ် စ ရာ


**ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်း နည်းပညာကို ပြည်ပပညာရှင်များက တစ်ရက်တာ သင်တန်းပို့ချ** ပြည်တွင်းသတင်း စာ ၃

**လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး** ဆောင်းပါး စာ ၁၀

**မိသားစုဝင်ငွေတိုးဖို့ ဘူးပင်စိုက်ကြစို့** ဆောင်းပါး စာ ၁၆

**ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများပြုလုပ်** ပြည်တွင်းသတင်း စာ ၉




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ဆန်များ ပေးအပ်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ရွှေနော်သီရိခန်းမ၌ ကျင်းပပြုလုပ်သည့် ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ဆန်တစ်ပြည်နှုန်းဖြင့် ယာယီနေရပ်စွန့်ခွာသူ စုစုပေါင်း ၂၇၃ ဦး အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာကို ပြည်ပပညာရှင်များက တစ်ရက်တာ သင်တန်းပို့ချ

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်သည် EMI (Engineering Ministries International) အဖွဲ့အစည်းမှ နိုင်ငံခြားသား Registered Architects နှင့် Professional Engineers များဖြင့် One day Training ကို မေ ၁၂ ရက် က သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဉာဏ်သစ်လှိုင်က အမှာစကား ပြောကြားသည်။

အစီအစဉ်အရ Training ဆရာများဖြစ်ကြသော Mrs. Sarah Dunn၊ Mr. Samuel Carrara၊ Mr. Craig Cole၊ Mrs. Jaclyn Miller တို့က သင်ကြားပို့ချမည့် ဘာသာရပ်အကြောင်း မိတ်ဆက်ပြောကြားပြီး Damage Assessment, Repair & Retrofit အကြောင်းကို ရှင်းလင်းပို့ချသည်။

ဆက်လက်၍ Disaster Risk Reduction for water & Sanitation နှင့် Build Back Safer Training of Trainers များအကြောင်းကို သင်တန်းဆရာများက ရှင်းလင်းပို့ချသည်။

သင်တန်းပို့ချမှုအပြီးတွင် တက်ရောက်လာသူများနှင့် Online ဖြင့် တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သင်တန်းဆရာများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလင်းက သင်တန်းဆရာများနှင့် ပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက ကျေးဇူးတင်စကား ပြောကြားသည်။

ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာ တစ်ရက်တာ သင်တန်းကို နိုင်ငံခြားသား ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် EMI (Engineering Ministries International) အဖွဲ့အစည်းမှ ပညာရှင်များက အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဆောက်လုပ်ရေးပညာရပ်ပိုင်းဆိုင်ရာ နည်းပညာများအပြင် ပြည်သူလူထုအတွက် ငလျင်ဘေးအန္တရာယ်ကာကွယ်ခြင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတများ၊ ငလျင်ဖြစ်ပေါ်ခဲ့ပါက အရေးပေါ်ပြင်ဆင်ဆောင်ရွက်နိုင်အောင်နှင့် အန္တရာယ်ကင်းအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**




❖ *ရှေ့ဖုံးမှ*

အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ (၁၄)ကြိမ်မြောက် လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ရောက်ရှိလာသည့် Operation Room ၉၅ လုံးကို ကျန်းမာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်သွားမည်ဖြစ်ပြီး Modular (prefabricated) house ၁၈၀၄ လုံးကို SOUTHERN VENTURE သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့် အခြေအနေများကိုလည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့်ဒေသများတွင် ICRC မှ ငလျင်ဘေးသင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ICRC အနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန(ရုံးချုပ်)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| ( ခ ) | ဦးသိန်းဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (သာသနာရေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကား<br>ပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန |

### မေလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ပျဉ်းမနား | ၁၄-၅-၂၀၂၅ | ၁၄၀ | ၅.၅၁ | ၂၇-၅-၁၉၈၀ | ၁၂၃ | ၄.၈၄ | ၆၁ |

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး Container House များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရုံးအမှတ်(၂၅) ဥပဒေရေးရာဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာဝင်း၌ ဝန်ထမ်းများနေထိုင်နိုင်ရန် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် Container House များ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**သက်ဆိုင်ရာ ပညာရှင်အဖွဲ့က ပြန်လည်ရှင်းလင်း**

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့ခေါင်းဆောင်က ယာယီအဆောက်အအုံများ ဆောက်လုပ် တပ်ဆင်ခြင်းကို Video Clip ဖြင့် ရှင်းလင်းပြသပြီး ယာယီအဆောက်အအုံများ ချထားမည့်မြေနေရာတွင် လက်တွေ့တည်ဆောက် တပ်ဆင်ခြင်းများကို ဆောင်ရွက်ရာ တာဝန်ရှိသူများက တပ်ဆင်တည်ဆောက်နေမှုများကိုလေ့လာ၍ သိရှိလိုသည့် အချက်များကို မေးမြန်းပြီး သက်ဆိုင်ရာ ပညာရှင်အဖွဲ့က ပြန်လည်ရှင်းလင်းသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က Container House များ လာရောက် တပ်ဆင်ပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့အား ကျေးဇူးတင်စကားပြောကြားပြီး တည်ဆောက်တပ်ဆင်နေသည့် ယာယီအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

## ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်ရိက္ခာများ ပေးအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား အသစ်ပြုလုပ်ပေး



**ဝါးခယ်မ မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှပေးအပ်သော ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့ နံနက်က ရွှေခယ်သီရိအားကစားခန်းမ၌ ပြုလုပ်သည်။

**ထောက်ပံ့ပေး**

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာပြည်သူ ၁၄၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မတ်လနှင့် ဧပြီလအတွက် နှစ်လစာ ငွေကျပ် ၄၀၀၀၀ နှင့် ဆန်တစ်ပြည် ထောက်ပံ့ပေးသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဝင်ရောက်လာသူ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၁ ဦး၊ တိုင်းဒေသကြီးပြင်ပမှ ဝင်ရောက်လာသူ အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၂၃ ဦးဖြစ်ကြောင်း သိရသည်။

**လူဦးရေစာရင်း ပြုလုပ်**

အဆိုပါ ယာယီနေရပ်စွန့်ခွာပြည်သူ ၁၄၄ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စာရင်းတွင်ရှိသော နိုင်ငံသားစိစစ်ရေးနံပါတ် မှန်/ မမှန် စစ်ဆေးခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်အသစ် ဆောင်ရွက်ပေးခြင်း၊ Unique Identification Number ပြုလုပ်ခြင်း မရှိသူများအား ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ဝန်ကြီးဌာနများ၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၁၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။(ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့အား တရုတ်နည်းပညာရှင်အဖွဲ့မှ တာဝန်ရှိသူများက Prefabricated Office များ၏ Models ၊ အချက်အလက်များနှင့် တပ်ဆင်ရာတွင် ဆောင်ရွက်သွားရမည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရုံးဝင်းအတွင်း တရုတ်နည်းပညာရှင်အဖွဲ့မှ Prefabricated Office များ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ရောက်ရှိကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့်တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ



**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်နေပြည်တော်ရုံးအမှတ်(၃၁)ရှိအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်တွေ့ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr. Li Qianguo က ရုံးလုပ်ငန်းသုံး ပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မန္တလေးငလျင်ကြီး ဘေးဒဏ်ကြောင့်ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ယခုကဲ့သို့ ထောက်ပံ့ပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းပေးသည့်အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံ ချန်ဒူးမြို့၌ ကျင်းပမည့် ကမ္ဘာ့ အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် ဆွေးနွေးပြောကြားခဲ့သည့် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr. Li Qianguo က ရုံးသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ရသစာပေထွန်းကားရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၄**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မြို့နယ် စာပေဥယျာဉ်အသင်း (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ရသစာပေထွန်းကားရေး၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကား ပြောကြားပြီး မြို့နယ် စာပေဥယျာဉ်အသင်း နာယက ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ထွန်း(တင်တော်)တို့က အမှာစကားများပြောကြား၍ မြို့နယ်စာပေဥယျာဉ် အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၂)၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က တိုင်းကျိုးပြည်ပြု မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ရသစာပေများထွန်းကားရေး စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးဟောပြော**

ထို့နောက် အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာမ ဒေါ်ခင်နွဲ့မူ (ခင်နွဲ့မူ-အင်းစိန်)က စာရေးဆရာမကြီး ခင်ဆွေဦး ရေးသားထုတ်ဝေခဲ့သည့် အင်ကြင်းရဂုံရသစာပေဝတ္ထုစာအုပ်အကြောင်းကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်




❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကျောင်းဖွင့်ချိန်အမီပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မသုံးထပ်ဆောင်၊ စာသင်ဆောင်များ၊ ကျောင်းသားအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုများကိုလည်းကောင်း၊ ယာယီရုံးဖွင့်လှစ်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် အဖြေလွှာစစ်ဆေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ငလျင်ဒဏ်သင့် အဆောက်အအုံများကို သတ်မှတ်အချိန်မီပြန်လည်ပြုပြင်နိုင်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ကြရမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေး၊ မိလ္လာစနစ်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့သွားရောက်၍ ခြံစည်းရိုးပြိုကျပျက်စီးမှုအခြေအနေ၊ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားနှစ်စီးဖြင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များနှင့် သန့်စင်ခန်းများ ပြန်လည်ပြုပြင်နေမှု၊ သမဝါယမကောလိပ်(မန္တလေး) သုံးထပ်ပင်မဆောင်နှင့်စာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှု၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေးသမဝါယမအသင်း၏ နို့ချက်စက်ရုံ၌ နို့ဆီနှင့် ဒိန်ချဉ်ထုတ်လုပ်နေမှုကို လည်းကောင်း၊ သဘာဝမြေဩဇာများ ထုတ်လုပ်နေမှု၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Good Brother ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့် ဆန်စက်ရုံကို ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်ခရိုင် စုပေါင်းရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြား၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ရုံးဝင်းအတွင်း သမဝါယမဦးစီးဌာနရုံး တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ အလှူရှင်များလှူဒါန်းထားသော Prefabricated Modular House ငါးလုံးထားရှိမည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ကံဦးစံပြကျေးရွာရှိ ကံဦး (စံပြ) လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဆိတ်မွေးမြူရေးခြံသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် မတ်လမှစတင်ပြီး ဆိတ်ကောင်ရေ ၁၂၀ မွေးမြူခဲ့ပြီး မတ်လအထိ ကောင်ရေ ၁၇ ကောင် တိုးပွားလာမှုကိုလည်းကောင်း၊ ပန်းတော်ဆက်ကျေးရွာသို့သွားရောက်၍ ပန်းတော်ဆက် နို့စားနွားမွေးမြူရေးသမဝါယမအသင်း၏ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ စပ်မျိုးနွားကောင်ရေ ၁၄၆ ကောင် မွေးမြူခဲ့ပြီး ယနေ့အချိန်ထိ ခြောက်ကောင်တိုးပွားလာမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး သမ/ကျေးလက် ဝန်ထမ်းများအတွက် ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့သို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြောက်လွှတ်ကုန်းသင်တန်းဆောင်၌ နှစ်ခန်းတွဲ အရာထမ်းအိမ်ရာ ငါးလုံးတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယန္တရားဝင်းအတွင်း ပစ္စည်းသိုလှောင်ရုံများ၌ အမှုထမ်းများအတွက် အခန်း ၄၈ ခန်း ဖွဲ့စည်းနေရာချထားမှုအခြေအနေနှင့် ထမင်းဟင်းချက်ပြုတ်ရန် စီစဉ်ပေးထားသော နေရာကိုလည်းကောင်း၊ သောက်သုံးရေ သွယ်တန်းပေးထားမှုကို လည်းကောင်း၊ ရှစ်ခန်းတွဲ တည်ဆောက်ပေးထားသည့် သန့်စင်ခန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ မေလ တတိယပတ်အတွင်း လုပ်ငန်းများအပြီးဆောင်ရွက်၍ ဝန်ထမ်းမိသားစုများအား စနစ်တကျ နေရာချထားပေးရန်၊ မိုးတွင်းကာလ ရေမဝပ်စေရေးနှင့် အမိုးအကာများ လုံခြုံမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၌ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး လေးခန်းတွဲ အရာထမ်းအိမ်ရာ ရှစ်လုံးတည်ဆောက်နေရာချထားမှုနှင့် ပတ်လမ်းဆောင်ရွက်နေမှု၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးချုပ်သို့ သွားရောက်၍ Prefabricated Modular House အလုံး ၂၀ ထားရှိမည့် မြေနေရာကို ကြည့်ရှု စစ်ဆေးကာ Prefabricated Modular House များ ရရှိသည်နှင့် အမြန်တည်ဆောက်နေရာချထားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်လောင်းမြို့နယ် ဘုရားဖြူကျေးရွာ၌ ကျေးရွာသုံးရွာ အကျိုးပြုမည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပင်လောင်း မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာသုံးရွာကို အကျိုးပြုမည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက နန်းပုလင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘုရားဖြူကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှရရှိလာသည့် အတိုးရငွေကျပ် ၁၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၀ ဒသမ ၆ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၃ ဒသမ ၆ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ရမည်းသင်းမြို့၌ ရေမြောင်းများ ပိတ်ဆို့မှုရှင်းလင်း

**ရမည်းသင်း မေ ၁၄**

ယမန်နေ့ ညနေ ၆ နာရီခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရမည်းသင်းမြို့ပေါ်ရှိ ရပ်ကွက်များ၌ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် (E.) ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီး စည်ပင်သာယာရေး ဝန်ထမ်းတစ်ဦးစီအဖွဲ့ခွဲ၍ အရေးကြီးနေရာများကို ချက်ချင်းတူးဖော်ဆောင်ရွက်ကြသည်။ ငလျင်ဘေးဒဏ်ကြောင့် အုတ်စည်းရိုးများ ပြိုကျ၍ ရေမြောင်းများပိတ်ဆို့နေသည့် အရှေ့ရပ်ရွှေဘုံသာဘုရားကျောင်းဘေးမှ ရေမြောင်းကို တူးဖော်ဆောင်ရွက် ရှင်းလင်းရာ ရေများ နာရီပိုင်းအတွင်း ကျဆင်းသွားကြောင်း သိရသည်။

**၂၁၄**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**စစ်တွေ မေ ၁၄**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မိုးဦးရာသီကျရောက်လာပြီဖြစ်သည့်အတွက် သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ စီမံခန့်ခွဲမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခင်ဖြစ်ပွားခဲ့သည့် အခြေအနေများ၊ ဆောင်ရွက်ခဲ့သောအခြေအနေများကို သင်ခန်းစာဖော်ထုတ်ပြီး ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများမှ မိမိဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ကြရန်အတွက် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မိုးဦးကာလ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် သဘာဝဘေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကော်မတီအလိုက် ဆွေးနွေးပြင်ဆင်မှုများ၊Table Top Exercises များ၊ ဇာတ်တိုက်လေ့ကျင့်မှုများ၊ လိုအပ်သည့်ပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ တောင်းခံခြင်းများ၊ အသိပညာပေးလုပ်ငန်းများနှင့် မိုးလေဝသဆိုင်ရာ ညွှန်ကြားချက်များကို ကြိုတင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားချက်များကို ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားချက်များ သိရှိအောင် ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် သဘာဝဘေးနှင့်ပတ်သက်၍ ထိခိုက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ယခင် မိုခါမုန်တိုင်းပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ(ဖ)ရပ်မှ ထိန်းသိမ်းထားရှိသည့်ပစ္စည်းများနှင့် ပြည်နယ်အတွင်းသိုလှောင်ထိန်းသိမ်းထားရှိသည့် စားရေရိက္ခာများ၊ တည်ဆောက်ရေးပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများမှ ထိန်းသိမ်းထားရှိရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်များဖြစ်လာနိုင်ပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိကြရန်နှင့် ထူးခြားမှုရှိပါက ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း တင်ပြသွားကြရန် ပြောကြားသည်။



**လုပ်ငန်းအစီအမံများဆွေးနွေး**

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် Video Conference စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# သင်တန်းသား သင်တန်းသူများအနေဖြင့် ရုရှားဘာသာစကားကို ကြိုးစားလေ့လာသင်ယူပြီး အခြေခံသင်တန်းပြီးမြောက်ပါက ဆက်လက်၍ လေ့လာသင်ယူသွားရန်လို

**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ညွှန်ကြားမှုဖြင့် ဖွင့်လှစ်သောရုရှားဘာသာစကား အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်လုပ်ငန်းဆောင်ရွက်ရာတွင် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားဘာသာစကားကို လေ့လာဆည်းပူးပြီး မိမိတို့၏ စကားစာပေ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲအောင် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်း၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မကြာခင်ကာလအတွင်း စတင်ဆောင်ရွက်မည့် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်လုပ်ငန်းတွင် လာရောက်ပြီး လုပ်ကိုင်ကြမည့်သူများနှင့် ပြောဆို ဆက်ဆံကြသည့်အခါ ဒေသအတွင်း နေထိုင်ကြသူများ ဘာသာစကား ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ကြောင်း၊ အထူးသဖြင့်လောင်းလုံးဒေသနှင့် အလားသဏ္ဌာန်တူသည့် ထိုင်းနိုင်ငံ ဖူးခက်သည် အောင်မြင်နေကြောင်း၊ လောင်းလုံးဒေသသည် ရေခံမြေခံကောင်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်သော ဒေသဖြစ်ကြောင်း၊ လောင်းလုံးဒေသတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများရှိကြောင်း၊ ဘာသာစကားအနေဖြင့် ပြည်တွင်းပြည်ပ ဘာသာစကားရှိပြီး ပြည်ပနှင့် ဆက်ဆံသည့်အခါတွင် နိုင်ငံတကာသုံး ဘာသာစကားဖြစ်သည့် ရုရှားဘာသာစကားကို စတင်ပြီး သင်ကြားရခြင်း ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဘာသာစကားအား ကြိုးစားလေ့လာ သင်ယူပြီး အခြေခံသင်တန်းပြီးမြောက်ပါက ဆက်လက်၍ လေ့လာသင်ယူသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားသင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ရုရှားဘာသာစကားအခြေခံသင်တန်းကို မေ ၁၄ ရက်မှ ဇွန် ၅ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၅၀ ခန့်အား သင်တန်းနှစ်နေရာခွဲပြီး နာရီအပိုင်းအခြားအလိုက် တာဝန်ရှိသူများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီကာလမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိခြင်းမှတစ်ဆင့်ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားတတ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက-

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်း
- အားအင်ကုန်ခမ်းခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**ပြည်သူများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်-**

၁။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးပါ၊ အစားအစာများကို ပူပူနွေးနွေးစားပါ၊
၂။ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ပါ၊
၃။ အစားအစာများမကိုင်မီ၊ အစားအစာများကိုမပြင်ဆင်မီ၊ အစာမစားမီ၊ အိမ်သာအသုံးပြုပြီးချိန်တိုင်း နှင့် အညစ်အကြေးများကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျဆေးကြောပါ၊
၄။ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိ အမှတ်ပြုသောက်ရေသန့်ကိုသာသောက်သုံးပါ၊
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုပါ၊
၆။ ယင်လုံအိမ်သာကို ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲပါ သို့မဟုတ် အိမ်သာများကို ယင်လုံစေရန် ဆောင်ရွက်ပါ၊
၇။ ယင်ကောင်များပေါက်ပွားမှုမှကာကွယ်ရန် စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောပြင်းထန်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသပါ။
ဓါတ်ဆားရည်သောက်ပါ။

၂၀၂၅ခုနှစ်၊ မေလ



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# သန့်ရှင်းသာယာရေးနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန သီရိမင်္ဂလာဈေးသို့ သွားရောက်၍ ဈေးအတွင်း ရောင်းချလျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ၊ ဈေးများအတွင်း ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် မြောင်းအတွင်းရှိ အမှိုက်နှင့် မြောင်းချေးများကို လူအင်အား/ယန္တရားအင်အားများဖြင့် ဆယ်ယူ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာအနီး မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း ဖော်ဆောင်မည့်မြေနေရာသို့ သွားရောက်၍ စီမံကိန်းမြေနေရာ၌ မြေသားလမ်းများ ဖောက်လုပ်နေမှု၊ ရေမြောင်းများ တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာသို့ သွားရောက်၍ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြေဧရိယာ ၁၈၇ ဒသမ ၃ ဧက ကျယ်ဝန်းသည့် သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ တည်ဆောက်ရေး စီမံကိန်းဝင်း အတွင်း အမှိုက်များစုပုံထားရှိမှု၊ အမှိုက်သိမ်းယာဉ်များ ကတ္တားချိန်ရန် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ (Truck Scale) ဆောင်ရွက်နေမှု၊ အမှိုက်သိမ်းယာဉ်များ စက်သုံးဆီဖြည့်ရန် ဆီပန့်အဆောက်အအုံနှင့် စက်သုံးဆီသိုလှောင်ကန်တည်ဆောက်နေမှု၊ အလျားပေ ၄၅၀၊ အနံပေ ၂၉၀ ရှိ ရေစုကန်တည်ဆောက်ထားရှိမှု၊ အလျား ၁၆ ပေ၊ အနံ ၁၀ ပေရှိ ရေထိန်းတံခါး တည်ဆောက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၄ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၃ ရက် ညနေ ၅ နာရီမှ မေ ၁၄ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATK–UMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် လှူဒါန်းသည့် ခေါင်းအုံး၊ စောင်၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ငါးသေတ္တာ(အလေးချိန် ၀ ဒသမ ၃၅၈ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ငလျင်ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

ငလျင်ဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ယနေ့ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့်ဒေသခံပြည်သူများ လာရောက်ဝယ်ယူလျက်ရှိသည်။

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မေ ၁၂ ရက် မှ ၁၈ ရက်အထိ ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း အရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ အရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့် စတီးများ အရောင်းပြခန်း၊ ပရိဘောဂ အရောင်းပြခန်း၊ အိမ်သုတ်ဆေး အရောင်းပြခန်း၊ လုပ်ငန်းသုံးမီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် ပြည်သူအများ လာရောက်လေ့လာဝယ်ယူလျက်ရှိသည်ကို တွေ့မြင်ရသည်။




အဆိုပါ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(MNA)**

**ဓာတ်ပုံ – ဖိုးပြည့်စုံ**

❖ *ကျောဖုံးမှ*

ပထမအကျော့တွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသော ကိုဗင်ထရီအသင်းသည် ဆန်းဒါးလန်းအသင်းကို ပြတ်သားသောရလဒ်ဖြင့် နိုင်ပွဲရရှိရန် ခြေကုန်ထုတ်လာသောကြောင့် နောက်ဆုံးမိနစ်အပိုင်းအခြားအထိ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိခဲ့သည်။

ကိုဗင်ထရီအသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ဆန်းဒါးလန်းအသင်းသည် ရှုံးထွက်ဗိုလ်လုပွဲတွင် အခြားတစ်ဖက်မှ အနိုင်ရရှိလာသည့် ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှက်ဖီးလ်နှင့် ဆန်းဒါးလန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ရှုံးထွက်ဗိုလ်လုပွဲကို လာမည့် မေ ၂၄ ရက်တွင် လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရှုံးထွက်ဗိုလ်လုပွဲတွင် အနိုင်ရရှိမည့်အသင်းသည် လိဒ်စ်၊ ဘန်လေအသင်းတို့နှင့် အတူ လာမည့်နှစ် ပရီမီယာလိဂ်တွင် ယှဉ်ပြိုင်ကစားခွင့် ရရှိမည်ဖြစ်သည်။

**အောင်ဇော်**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ လိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာပြီး အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများပြုလုပ်



**နေပြည်တော် မေ ၁၄**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်း အချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်း ခန်းမဆောင်၌ ပြသထားသော နျူကလီးယား နည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အား ထုတ် ဓာတ်ပေါင်းဖိုအမျိုးအစား တစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်း စနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့်ပုံစံငယ်နှင့်လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့်သီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်း ပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယား နည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာပိုစတာများကိုလေ့လာကြည့်ရှုကြသည်။ **(အောက်ပုံ)**

အလားတူအခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်းများဖြစ်သည့် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည် တောင်ပိုင်းသင်တန်း စခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့် သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်သည့် စခန်းပေါင်းစုံ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ် မောင်းနှင်ခြင်း ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါပြိုင်ပွဲများ ကျင်းပနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ငါးလုပ်ငန်းဦးစီးဌာနမှ ရုံးအမှတ်(၃၆)တွင် ငါးခြောက်(ငါးတံခွန်)များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**နေပြည်တော် မေ ၁၄**

မန္တလေးလျှင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရုံးအမှတ်(၃၆)တွင် ငါးခြောက်(ငါးတံခွန်)များကို ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် သက်သာသောနှုန်းထားဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ယနေ့ ရောင်းချပေးခဲ့သည်။



ငါးခြောက်ရောင်းချပေးမှုကို တွေ့ရစဉ်။

ထိုသို့ ရောင်းချရာတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် နေပြည်တော်လေကြောင်းရဲတပ်ဖွဲ့တို့မှ လာရောက်ဝယ်ယူခဲ့ပြီး စုစုပေါင်း ငါးခြောက်ပိဿာချိန် ၅၀၀ ကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း အပတ်စဉ်ရောင်းချရန် စီမံထားရှိပြီး ဝန်ကြီးဌာနများသို့ ကြိုတင်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး

မောင်လူအေး(ရေစကြို)

*(ယမန်နေ့မှအဆက်)*

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Malaysia Youth Creative and Innovative Hub အား စတင်တည်ထောင်စလုပ်ငန်းများနှင့် လူမှုစီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်စေရေး အတွက် ဆန်းသစ်တီထွင်မှုများ၊ စိတ်ကူးပုံဖော်မှုများနှင့်အတူ လူငယ်အားလုံး အကျိုးဝင်ပါဝင်နိုင်စေရေး ရည်ရွယ်ကာ ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ စွန့်ဦးတီထွင်ခြင်းနှင့် လုပ်ငန်းသစ်များ စတင်တည်ထောင်ဖွင့်လှစ်ခြင်း ပြုလုပ်နိုင်ရန် လူငယ်များအား လိုအပ်သည့် ကျွမ်းကျင်မှုများ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းဆိုင်ရာ အကြံဉာဏ်များနှင့် အတွေ့အကြုံများမျှဝေပေးခြင်း၊ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်ပေးကာ အလုပ်လက်မဲ့ဦးရေ လျှော့ချပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ Malaysia Youth Creative and Innovative Hub တွင်လည်း ညှိနှိုင်းခန်းမ၊ ညှိနှိုင်းဆောင်၊ အုပ်ချုပ်စီမံခန်း၊ အစည်းအဝေးခန်း၊ ညီလာခံ/ဆွေးနွေးခန်းမ၊ စာသင်ခန်းမ၊ စာကြည့်တိုက်၊ ထုတ်ကုန်ပြခန်း၊ စံနမူနာပစ္စည်းများပြုလုပ်သည့်ခန်းမ၊ Resource Center ၊ အိပ်ဆောင်၊ ကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ အဝတ်လဲခန်း၊ ကော်ဖီဆိုင်၊ မီးဖိုချောင်၊ အဝတ်လျှော်ခန်း၊ နားနေခန်းများ ပါဝင်ဖွဲ့စည်းထားပါသည်။

လူငယ်စင်တာသည် လူငယ်များ လက်လှမ်းမီ အလွယ်တကူ သွားလာနိုင်သည့်နေရာတွင် ဖွင့်လှစ်ထားရှိရန်လိုအပ်ပြီး လူငယ်များ အတွက် ငြိမ်းချမ်းမှု၊ လုံခြုံစိတ်ချရမှု၊ သာတူညီမျှရှိမှု၊ သက်သောင့်သက်သာရှိမှု၊ ရင်းနှီးကျွမ်းဝင်မှုနှင့် လူငယ်များကိုယ်တိုင် ဦးဆောင်ပါဝင်ခွင့်ရရှိအောင် ဖန်တီးထားရှိရမည်ဖြစ်သည်။ ထို့အပြင် စင်တာဝန်ထမ်းများ၏ ဆက်ဆံရေးကောင်းမွန်မှုရှိခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ နည်းပညာကျွမ်းကျင်ခြင်း၊ ကူညီပံ့ပိုးခြင်းနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့သည်လည်း လူငယ်များ စင်တာသို့ လာရောက်ရခြင်းအတွက် ဆွဲဆောင်နိုင်သော အခြေခံအချက်များဖြစ်ပါသည်။ လူငယ်စင်တာများသို့ လူငယ်များ အမြဲလာရောက်စေရေးအတွက် အဓိကစေ့ဆော်သောအချက်များမှာ လူငယ်အချင်းချင်းကြား ပြောဆိုစည်းရုံးနိုင်ခြင်း၊ ၎င်းတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ခြင်း၊ လူငယ်စင်တာ၏ နာမည်ဂုဏ်သတင်းကောင်းခြင်းနှင့် မိမိပိုင်နေရာကဲ့သို့ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးနိုင်ခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

IREX UNITY အဖွဲ့က ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူငယ်စင်တာများအပေါ် လူငယ်များ၏သဘောထားအမြင်နှင့် ပတ်သက်သည့် သုတေသနစစ်တမ်းအစီရင်ခံစာအရ လူငယ်စင်တာသို့ လူငယ်များ လာရောက်အသုံးပြုစေရေး အဓိကဆွဲဆောင်စေသည့် အချက်များမှာ စင်တာသည် ဆိတ်ငြိမ်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ ဘဝအောင်မြင်ရေး အတွက် ပံ့ပိုးကူညီမှုပေးနိုင်ခြင်းနှင့် လူငယ်များအတွက် အကျိုးကျေးဇူးများခြင်းတို့ကြောင့်ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူ ၂၂၇ ဦး၏ ၇၀ ရာခိုင်နှုန်းက ထောက်ခံထားရှိပါသည်။ လူငယ်စင်တာ၏ တည်နေရာနှင့်ပတ်သက်၍ ကျောင်းအခြေပြုဖွင့်လှစ်ရန် ထောက်ခံသူ ၅၀ ရာခိုင်နှုန်း၊ တက္ကသိုလ်အခြေပြု သို့မဟုတ် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းအခြေပြု ဖွင့်လှစ်ရန် ထောက်ခံသူ ၆၀ ရာခိုင်နှုန်းနှင့် စာကြည့်တိုက်အခြေပြု ဖွင့်လှစ်ရန် ထောက်ခံသူ ၆၉ ရာခိုင်နှုန်း ဖြစ်ကြောင်း ယင်းစစ်တမ်းအရ သိရှိရပါသည်။

အဆိုပါ IREX UNITY အဖွဲ့၏ သုတေသနစစ်တမ်းအရ ခေတ်မီ လူငယ်စင်တာတစ်ခုတွင် အခမဲ့ဆွေးနွေးအကြံဉာဏ်ပေးသည့် ဝန်ဆောင်မှုများထားရှိရန်နှင့် ဖြေဆိုသူဦးရေ၏ ၅၆ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုပေးခြင်း၊ ၃၅ ရာခိုင်နှုန်းမှာ စီးပွားရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ၂၅ ရာခိုင်နှုန်းမှာ ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ၂၄ ရာခိုင်နှုန်းမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် ၂၂ ရာခိုင်နှုန်းမှာ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းတို့ကို အဓိကဆောင်ရွက်ပေးရန် ဆန္ဒပြုထားပါသည်။ ခေတ်မီလူငယ်စင်တာတစ်ခုတွင် လေ့ကျင့်သင်ကြားပေးစေလိုသည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူများက အောက်ဖော်ပြပါအတိုင်း အကြံပြုထားပါသည်-

(၁) စီမံခန့်ခွဲမှုနှင့်ဘဝတွက်တာကျွမ်းကျင်မှု၊
(၂) လူမှုကွန်ရက်မီဒီယာအသုံးပြု၍ ဈေးကွက်ရှာဖွေခြင်း၊
(၃) လုပ်ငန်းစီမံကိန်းများစီမံခန့်ခွဲမှု၊
(၄) အခမ်းအနားများစီမံခန့်ခွဲမှု၊
(၅) နည်းပညာနှင့်ကွန်ပျူတာသိပ္ပံ၊
(၆) ဘာသာစကား (အင်္ဂလိပ်စာ၊ မိခင်ဘာသာနှင့် စကားပြောသင်တန်းများ)၊
(၇) အနုပညာ (လက်မှုပညာရပ်များ၊ အက၊ ဂီတ၊ ပန်းချီ၊ စာပေ၊ ဒီဇိုင်း)၊
(၈) ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အညီ နေထိုင်စားသောက်သည့်လူနေမှုပုံစံ၊
(၉) ကမ္ဘာ့နိုင်ငံများ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် မြို့တော်များ၊
(၁၀) ရုပ်ရှာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာလူထုနှင့် စေ့စပ်ညှိနှိုင်းခြင်း၊
(၁၁) ဂေဟဗေဒနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) စိတ်ပညာနှင့်စိတ်ကျန်းမာရေး၊
(၁၃) ချေးငွေ/အထောက်အပံ့လျှောက်ထားခြင်းနှင့် အဆိုပြုလွှာ ရေးသားနည်း၊
(၁၄) လူ့အခွင့်အရေးနှင့်ဥပဒေပညာရပ်။

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Jawaharlal Nehru National Youth Center သည် ကျေးလက်ဒေသမှလူငယ်များ၊ ဆင်းရဲနွမ်းပါးသောလူငယ်များ၊ အလုပ်လက်မဲ့လူငယ်များအပါအဝင် လူငယ်များ အတွက် နိုင်ငံတကာအသိအမှတ်ပြုကျွမ်းကျင်မှုသင်တန်းများ၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် အိန္ဒိယနိုင်ငံတွင်သာမက နိုင်ငံခြားတိုင်းပြည်များတွင်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ လူငယ်စင်တာတွင် လူငယ်များအတွက် Young Innovators Program အား စီစဉ်ထားရှိပြီး လုပ်ငန်းသစ်စတင်ထူထောင်သည့် စွန့်ဦးတီထွင်သူလူငယ်များအား ရင်းနှီးမြှုပ်နှံသူ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များကို မွေးထုတ်ပေးနေခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၉) တို့တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိကြီးများ၏ ဆွေးနွေးအကြံပြုချက်များအရ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စင်တာများ ဖွင့်လှစ်ရာတွင် Vision/Missionများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံဒီဇိုင်းသည် လူငယ်များအတွက် သက်သောင့်သက်သာရှိရန်နှင့် လုံခြုံစိတ်ချရမှုရှိရန် လိုအပ်ကြောင်း၊ မသန်စွမ်းလူငယ်များအပါအဝင် အထူးအလေးပေးရမည့် လူငယ်များ အားလုံးပါဝင်နိုင်ရန် စီစဉ်ရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ လိုလားချက်၊ လိုအပ်ချက်နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ဆန်းစစ်သည့်စစ်တမ်းများပြုလုပ်ပြီး စီမံကိန်းရေးဆွဲဆောင်ရွက်ရန်နှင့် Public Private Partnership (PPP) ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် အကြံပြုတင်ပြထားပါသည်။

လူငယ်စင်တာအား ဘက်စုံအသုံးပြုနိုင်သည့် အဆောက်အအုံအဖြစ် ဒီဇိုင်းရေးဆွဲဆောင်ရွက်ရန်နှင့် စင်တာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာသင်တန်းများ၊ ဘာသာရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာသင်တန်းများ၊ ဘာသာစကားနှင့် နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေး/ စီးပွားရေး/ ပညာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ စိတ်လူမှုရေးဆိုင်ရာပံ့ပိုးကူညီခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း စသည့်ဝန်ဆောင်မှုများထားရှိဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးကြပါသည်။ ထို့အပြင် လူငယ်များကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ထားရှိပေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ရန် နေရာများထားရှိပေးခြင်းဖြင့် ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးကြပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေပေါ်မူတည်၍ လူငယ်စင်တာများ၏ ဦးတည်ချက်များနှင့်ဦးစားပေးအစီအစဉ်များ ကွာခြားမှုရှိမည်ဖြစ်သော်လည်း လူငယ်စင်တာတစ်ခုတွင် အနိမ့်ဆုံးရှိသင့်သည့် စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်စေရေး မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီက ဦးဆောင်၍ အကျိုးဆိုင်သူလူငယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အလှူရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီများနှင့်ပူးပေါင်းကာ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။ လူငယ်ရေးရာမူဝါဒနှင့်အညီ ပထမဦးစွာ လူငယ်စင်တာများ တည်ထောင်ဖွင့်လှစ်ရခြင်း၏ မျှော်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရေးဆွဲအတည်ပြုရန် လိုအပ်ပါသည်။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ အစီအစဉ်များ ရေးဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စတင်ဝန်ဆောင်မှုပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်

*စာမျက်နှာ ၁၁ သို့*

❑ **လူငယ်စင်တာများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေး အရင်းအမြစ်များအား ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်**

❂ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အနာဂတ်တွင် အသင့်ဖြစ်စေမည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်ရန်အတွက် လူငယ်စင်တာများကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်**

■ **လူငယ်စင်တာများ ပီပီပြင်ပြင်ဖွင့်လှစ်နိုင်ပါက လူငယ်များ၏ဘဝ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်နှင့်မိသားစုများအတွက်သာမက ရပ်ရွာနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အကျိုးပြုသည့် လူသားအရင်းအနှီးများ မွေးထုတ်ပေးနိုင်မည်ဖြစ်**

## လှိုင်းဘွဲ့မြို့နယ်၌ သစ်စိမ်းမြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**လှိုင်းဘွဲ့ မေ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ဒိုင်းပြကျေးရွာအတွင်းရှိ တောင်သူ ဦးစောဝင်းထူးနှင့် ဒေါ်နန်းနီလာဝင်းတို့၏ လယ်မြေကွင်းအမှတ် (၁၅၄၇) ဒိုင်းပြအောက်ကွင်း၊ ဦးပိုင်အမှတ်- ၉၁/၁ နှင့် ၉၁/၂ ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဇော်ရှိန်းအောင်၊ အဖွဲ့ဝင် ဦးမြတ်စိမ်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြပြီး စုပေါင်း၍ သစ်စိမ်းမြေဩဇာ မျိုးစေ့များကို ကြဲပက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းက တောင်သူများအား မိုးစပါးမစိုက်ပျိုးမီ မြေဆီလွှာအာဟာရ ထက်သန်စေရေးအတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းပေးရခြင်း၏ ရည်ရွယ်ချက်နှင့် လိုအပ်သည့် အကြောင်းရင်းများ၊ အသုံးပြုနိုင်သည့်မျိုးများ၊ လယ်မြေတစ်ဧကေ၌ မျိုးစေ့လေးပြည်နှုန်းဖြင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒိုင်းပြကျေးရွာ၊ ဒိုင်းပြကုန်းကျေးရွာ၊ ချမ်းသာရွာနှင့် ကိုညွှဲသည့် ကျေးရွာများမှ တောင်သူများ၏



လယ်မြေစုစုပေါင်း ဧက ၂၀ အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ ငါးတင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးကြမည့် လယ်မြေစုစုပေါင်း ဧက ၆၀၀ အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ စုစုပေါင်းတင်း ၁၅၀ ကို အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

## မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် အထွက်နှုန်းတိုးတက်စေရေး အသိပညာပေးဟောပြော

**အိမ်မဲ မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကွေ့တန်းကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး အသိပညာပေးဟောပြောပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ခြင်းကို မေ ၁၂ ရက်က ဆောင်ရွက်သည်။

ဦးစွာ အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က ကွေ့တန်းကျေးရွာတွင် တောင်သူများနှင့်တွေ့ဆုံပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကို လယ်ယာမြေတွင် ထည့်သွင်းစိုက်ပျိုးနည်းနှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အဖွဲ့ဝင်များက တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ပေးအပ်ကာ ကွင်းအမှတ် (၇၅-ခ)၊ ဦးပိုင်အမှတ် (၁၄/၃)ပါ ဦးပိုင် ၁၀ ခုရှိ တောင်သူ ဦးအေးမင်းစိုးပါ တောင်သူ ၁၀ ဦး၏ လယ် ဧက ၃၀ တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို စုပေါင်းကြဲပက်ခဲ့ကြသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



## ကလောမြို့နယ် မြင်းကကျေးရွာ၌ မှန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

**ကလော မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဆင်းပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက မြင်းကကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းသားများ အနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သည့် မုန့်မျိုးစုံပြုလုပ်နည်း အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ဆက်လက်လေ့လာ ဆည်းပူးပြီး ကြိုးစားကြရန် ဆွေးနွေးပြောကြားသည်။



ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး မုန့်မျိုးစုံပြုလုပ်နည်း ပညာများကို ကျွမ်းကျင်နည်းပြဆရာ ဆရာမများက စာတွေ့၊ လက်တွေ့ နှစ်မျိုးစလုံးဖြင့် ခုနစ်ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

၂၂၂

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



## မအူပင်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်

**မအူပင် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီက အမှတ်(၇)ရပ်ကွက်၌ ဆောင်ရွက်သည်။

ဦးစွာ မအူပင်မြို့ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မအူပင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးသက်က ရပ်ကွက်၊ ကျေးရွာများ၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား အသိပညာပေးဟောပြောပြီး ရပ်ကွက်အတွင်း ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများပူပေါင်း၍ ရပ်ကွက်အတွင်းဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းကို ခြောက်ပတ်လျှင် တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အကဲဖြတ်သုံးသပ်ခြင်း၊ အစီအစဉ် တိုးချဲ့ခြင်းတို့အား အဆင့်လိုက် ဆောင်ရွက်သွားရမည်ဖြစ်သည်။

လူငယ်စင်တာများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေးအရင်းအမြစ်များအား ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကအားထားရသည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် လူငယ်စင်တာများ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည့် ကြီးကြပ်မှုကော်မတီများ၊ အကြံပေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စင်တာဝန်ထမ်းများ (အမြဲတမ်းဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ) ခန့်ထားခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အနာဂတ်တွင် အသင့်ဖြစ်စေမည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်ရန်အတွက် လူငယ်စင်တာများကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာအား ၂၃-၃-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး လူငယ်စင်တာအား ၂၆-၃-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီး ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ယင်းဒေသရှိ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ရာ ဝမ်းမြောက်ဖွယ်ရာကိစ္စရပ် ဖြစ်ပါသည်။ သို့သော် လူငယ်စင်တာများ ဖွင့်လှစ်ရာတွင် သက်ဆိုင်ရာဒေသအလိုက် လူငယ်များ၏ လိုလားချက်များ၊ မြေပြင်အခြေအနေများနှင့် ကိုက်ညီမှုရှိရန် အရေးကြီးသကဲ့သို့ လက်ရှိနိုင်ငံတော်၏ ပကတိလိုအပ်ချက်များနှင့်လည်း ညီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

လူငယ်စင်တာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက်လည်း အစီအစဉ်များ ရေးဆွဲထားရှိရမည်ဖြစ်သည်။ လူငယ်စင်တာများ ပီပီပြင်ပြင်ဖွင့်လှစ်နိုင်ပါက လူငယ်များ၏ဘဝ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်နှင့်မိသားစုများအတွက်သာမက ရပ်ရွာနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အကျိုးပြုသည့် လူသားအရင်းအနှီးများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-**

- လူငယ်ရေးရာမူဝါဒ(၂၀၁၇)
- Starting a Youth Center, Vermont Afterschool (2020)
- The Concept of a Modern Youth Center from the Perspective of Youth, IREX (2021)
- YOUTH CENTER: Malaysia Youth Creative and Innovative Hub (2021)
- နေ့စဉ်ထုတ်သတင်းစာများ(၂၀၂၄၊ ၂၀၂၅)

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်”

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊
အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်”

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နိုင်ငံ့ဝန်ထမ်းအိမ်ရာများ၌ အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ်ရောင်းချပေးနေမှု ကြည့်ရှုအားပေး

ပဲခူး မေ ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အခြေခံ စားသုံးကုန်နှင့် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ်ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရှင်စောပု ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို လက်လီအဆင့်ဆင့်မရှိဘဲ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချနေမှု၊ နိုင်ငံ့ဝန်ထမ်းများက ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များကို ရပ်ကွက်များအတွင်းသို့လည်း Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်



တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဘုရင့်နောင် ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** အခြေခံစားသုံးကုန်များနှင့် အသား၊ ငါး၊ ဥ ပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များတွင်လည်း အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥတို့ကို ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အပတ်စဉ် အင်္ဂါနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် ကြာသပတေးနေ့ နံနက်ပိုင်းတွင်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး
## အစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ (၄)ချောင်း၊ ၆။ ကျောင်းဝတ်စုံ(၁)စုံ

( ခ ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

( ဂ ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

( င ) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

( စ ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

( ဇ ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

( ဈ ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

( ဋ ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

( ဌ ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

( ဍ ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

## သမဝါယမအသင်းသားများ၏ နွေစပါးစိုက်ပျိုးထားရှိမှုများ ကွင်းဆင်းကြည့်ရှု



**တောင်ကြီး မေ ၁၄**

နွေစပါးများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ နွေစပါးအထွက်နှုန်းတိုးမြှင့်စေရေးနှင့် ပန်းတိုင်ထွက်နှုန်းပြည့်မီစေရေးအတွက် လိုအပ်သောသွင်းအားစုများ ဖြည့်ဆည်းပေးနိုင်ရန် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု လွယ်မောကျေးရွာရှိ ရွှေမင်းသားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ၁၀၈ ဦး၏ နွေစပါးစိုက်ဧက ၃၂၄ ဧက၊ ကျေးထက်ကျေးရွာ၊ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၅၀ ၏ နွေစပါးစိုက်ဧက ၂၃၀၊ တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာ ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား ၃၄ ဦး၏ နွေစပါးစိုက်ဧက ၅၃၀ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မိုင်းလီကျေးရွာအုပ်စု မိုင်းအင်းကျေးရွာ အောင်သီဟလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား ၁၁ ဦး၏ နွေစပါးစိုက်ဧက ၆၀ ကို ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်သော သွင်းအားစုများရရှိစေရေးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်



**ပန်းတောင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ နယ်မြေလုံခြုံရေးအခြေအနေအရ မြို့နယ်အတွင်းသို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအေးကြိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးအောင်သက်တင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမော်တို့က ဒုတိယအကြိမ်မြောက် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖေဖော်ဝါရီလအတွက် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၇၂၃ ဦးနှင့် မတ်လအတွက် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၈၀၂ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် သိန်း ၇၀၀၅၀၀၀၀ ကို ပေးအပ်ရာ နေရပ်စွန့်ခွာပြည်သူများကိုယ်စားရပ်/ကျေးအုပ်ချုပ်ရေးမှူးများက လက်ခံပြီး ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ကမ္ဘာ့အဆင်းရဲဆုံးသမ္မတအဖြစ်  လူသိများသော ဥရုဂွေးသမ္မတဟောင်း ဟိုဆေးမူဂျီကာ ကွယ်လွန်



**မွန်တီဗီဒီယို မေ ၁၄**

ကမ္ဘာ့အဆင်းရဲဆုံးသမ္မတဟု လူသိများသော ဥရုဂွေးသမ္မတဟောင်း ဟိုဆေးမူဂျီကာသည် အသက် ၈၉ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

မူဂျီကာကို ၁၉၃၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသောမိသားစုမှ မွေးဖွားခဲ့သည်။ ၎င်းသည် အသက် ၂၀ အရွယ်တွင် တောတွင်းလက်နက်ကိုင် တော်လှန်ရေးသမားတစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ထောင် ၁၀ နှစ်ကျော် ကျခဲ့ကြောင်း သိရသည်။

မူဂျီကာသည် ဥရုဂွေးနိုင်ငံ ဒီမိုကရေစီရရှိပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် လက်ဝဲယိမ်းဥပဒေပြုအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်တွင် ဥရုဂွေးသမ္မတဖြစ်လာပြီး ငါးနှစ်ကြာ သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၎င်းသည် သမ္မတတာဝန်များ ထမ်းဆောင်စဉ်အတွင်း လယ်ယာခြံမြေ၌ပင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ၎င်း၏ရိုးရှင်းပြီး ချွေတာသည့် နေထိုင်မှုပုံစံက ဥရုဂွေးနိုင်ငံအတွင်း လူကြိုက်များလာစေခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်က အင်န်အိတ်ချ်ကေသတင်းဌာနနှင့် မေးမြန်းခန်းတစ်ခုတွင် မူဂျီကာက လူငယ်မျိုးဆက်သစ်များအား ၎င်းတို့ဘဝတွင် တကယ်လုပ်ချင်သည့်အရာ၊ တန်ဖိုးထားသည့်အရာကို ရှာဖွေကြရန်နှင့် ဆုံးဖြတ်ပြီးပါကလည်း အလွယ်တကူလက်မလျှော့ဘဲ အဆုံးထိ အားထုတ်မှုအပြည့်ဖြင့် လုပ်ဆောင်ကြရန် သတင်းစကားပါးခဲ့သည်။

မူဂျီကာသည် နောက်ပိုင်းနှစ်များတွင် ကင်ဆာရောဂါဝေဒနာကို အချိန်အတန်ကြာ ခံစားခဲ့ရသည်ဟု ဆိုသည်။ ထို့အပြင် မကြာသေးမီက ဖော်ပြသည့် သတင်းများတွင် ရောဂါနောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဥရုဂွေးသမ္မတ ယာမန်ဒူအော်စီက မူဂျီကာ ကွယ်လွန်သည့်အကြောင်း မေ ၁၃ ရက်က လူမှုကွန်ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဆိုမာလီယာနိုင်ငံ၌ ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် ၁၇ ဦး သေဆုံးပြီး ၈၄၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်

**မိုဂါဒစ်ရှူး မေ ၁၄**

ဆိုမာလီယာနိုင်ငံတစ်ဝန်း ဧပြီလလယ်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသောကြောင့် ၁၇ ဦးခန့် သေဆုံးကာ လူပေါင်း ၈၄၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေကြရကြောင်း ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက မေ ၁၃ ရက်တွင် ပြောသည်။

သဘောဝဘေးအန္တရာယ် စီမံခန့်ခွဲရေး တာဝန်ရှိသူများက ဆောင်ရွက်သော အကဲဖြတ်ဆန်းစစ်ချက်တွင် အခြေခံအဆောက်အအုံအများအပြား ထိခိုက်ပျက်စီးသည်ဟု ဖော်ပြထားသည်။ ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် အကူအညီများ အရေးပေါ်လိုအပ်နေကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။

ထို့အပြင် မိတ်ဖက်အဖွဲ့အစည်းများသည် အစားအစာ၊ ရွက်ဖျင်တဲများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ငွေကြေးအကူအညီများ အပါအဝင် ဘေးဒဏ်သင့်ဒေသများတွင် ထောက်ပံ့ကူညီမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း အိုစီအိတ်ချ်အေက ဆိုမာလီယာနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးတွင် ရေကြီးရေလျှံမှုနှင့်ပတ်သက်သည့် နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုမာလီယာအစိုးရသည် ရေကြီးရေလျှံဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်ရန် ဝန်ကြီးများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ကြောင်း ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက ပြောသည်။ ရေကြီးရေလျှံမှုကြောင့် နိုင်ငံအတွင်းရှိ အချို့နေရာများတွင် အဓိကအခြေခံအဆောက်အအုံများ ပျက်စီးမှုနှင့် အများသူငှာဆိုင်ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ **ဆင်ဟွာ**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆီးရီးယားယာယီသမ္မတ အာမက်အယ်ရှာရာတို့ တွေ့ဆုံမည်

**ဝါရှင်တန် မေ ၁၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆော်ဒီအာရေဗျနိုင်ငံ၌ ဆီးရီးယားယာယီသမ္မတ အာမက်အယ်ရှာရာနှင့်တွေ့ဆုံရန် အစီအစဉ်ရှိသည်ဟု သိရသည်။

ဆီးရီးယားအပေါ် ပိတ်ဆို့မှုများကိုဖယ်ရှားရန် အစီအစဉ်ရှိသည်ဟု ထရမ့်က ကြေညာခဲ့သည်။ ယခုတစ်ကြိမ်ပြုလုပ်မည့် တွေ့ဆုံမှုသည် ခေါင်းဆောင်နှစ်ဦးအကြား ပထမဆုံးအကြိမ် တွေ့ဆုံမှု ဖြစ်လာမည်ဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ မေ ၁၄ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။ အမေရိကန်သမ္မတသည် ယခုအခါ ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိနေသည်။

မေ ၁၃ ရက် ရီယာဒ်မြို့၌ ပြောကြားခဲ့သည့်မိန့်ခွန်း၌ ထရမ့်က ဆီးရီးယားအပေါ် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းရန် အမိန့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆီးရီးယားယာယီသမ္မတ အာမက်အယ်ရှာရာ။

ဆီးရီးယား သမ္မတဟောင်း ဘတ်ရှာအယ်အာဆတ် လက်ထက်တွင် အမေရိကန်က ဆီးရီးယားအပေါ် ပြစ်ဒဏ်ခတ် အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ဆော်ဒီအိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်၊ တူရကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်၊ အခြားခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဆီးရီးယား အခြေအနေကို ဆွေးနွေးပြီးနောက် ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် ဆုံးဖြတ်ခဲ့သည်ဟု ထရမ့်က ပြောသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို သည်လည်း ယခုသီတင်းပတ်အတွင်း တူရကီယဲသို့ သွားရောက်ကာ ဆီးရီးယားကြားဖြတ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး အာဆတ်ဟတ်ဆန်အယ်ရှီဘာနီနှင့် တွေ့ဆုံမည်ဟု ထရမ့်က ပြောသည်။

အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုနှင့် ဘုံအကျိုးစီးပွားကို အခြေခံ၍ ဆီးရီးယားပြည်သူများနှင့် ဆက်ဆံရေးတည်ဆောက်ရန် အသင့်ရှိကြောင်း ဆီးရီးယားကြားဖြတ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာဒေသသို့ အကူအညီပေးအပ်မှု ရပ်တန့်ခြင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေး

**ဂါဇာ မေ ၁၄**

ဂါဇာကမ်းမြောင်ဒေသသို့ ပေးပို့မည့်အကူအညီများ တားဆီးပိတ်ပင်မှုအား ရပ်တန့်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ အဖွဲ့ဝင်များက အစ္စရေးကို တောင်းဆိုခဲ့သည်။ အခြားတစ်ဖက်တွင် အစ္စရေးနှင့် အမေရိကန်တို့က ဂါဇာဒေသ အရပ်သားများထံ အကူအညီပေးအပ်ရေး နည်းလမ်းအသစ်များ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ တွန်ဖလက်ချာက ဂါဇာဒေသသို့ ဆေးဝါးနှင့်အခြားလိုအပ်သည့် စားသောက်ကုန်များ ပေးပို့နိုင်ခြင်းမရှိသည်မှာ သီတင်းပတ် ၁၀ ပတ် ကျော်ကြာမြင့်ပြီဟု မေ ၁၃ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားသည်။

ဂါဇာဒေသရှိ ဒေသခံများမှာ ယခုအခါ ဆင်းရဲနွမ်းပါးမှုဘေးအန္တရာယ်နှင့် တွေ့ကြုံနေရပြီဟု ၎င်းကဆက်လက်ပြောကြားသည်။ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဘာဘရာဝုဒ် က နယ်စပ်တွင်စောင့်ဆိုင်းနေရသည့် စားသောက်ကုန်များမှာ ပုပ်သိုးကုန်ပြီး ဒေသခံများထံ ပေးပို့နိုင်ရေး ပိတ်ဆို့ခံထားရသည်ဟု ပြောသည်။

ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နီဒန်နွန် က ကုလသမဂ္ဂ တံဆိပ်ကပ်ထားသည့် အကူအညီများကို အကြမ်းဖက်သမားများအား ကျွေးမွေးရန် အသုံးပြုနေသည်ဟု ထောက်ပြပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် ယာယီသံအမတ်ကြီး ဒိုရိုသီရှေးကလည်း အရပ်သားများကို အကူအညီပေးရန် ပုဂ္ဂလိကဖောင်ဒေးရှင်းအသစ်တစ်ခုခွင့်ပြုပေးရန် အမေရိကန်အစိုးရနှင့် အစ္စရေးအစိုးရတို့ လက်တွဲဆောင်ရွက်ထားကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ လေ့ကျင့်ရေးလေယာဉ်ပျက်ကျ

**တိုကျို မေ ၁၄**

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လေ့ကျင့်ရေး ဂျက်လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ရေလှောင်ကန်တစ်ခုတွင်း ပျက်ကျခဲ့သည်။

ဒေသတွင်းရှိ မီးသတ်ဌာနတစ်ခုက အအိချီခရိုင် အီနူယာမမြို့ရှိ ရေလှောင်ကန်တစ်ခုအတွင်း လေယာဉ်ပျက်ကျမှုဟု ယူဆရသည့် သတင်းဖော်ပြချက်ကို မေ ၁၄ ရက် မွန်းလွဲ ၃ နာရီခန့်က လက်ခံရရှိခဲ့သည်။

ပျက်ကျမှု ဖြစ်ပွားသည့် လေယာဉ်သည် လူနှစ်ဦးလိုက်ပါလာသည့် တီ-၄ လေ့ကျင့်ရေး ဂျက်လေယာဉ်ဖြစ်သည်။



လေယာဉ်သည် အအိချီခရိုင်ရှိ ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ကိုမာကီ လေတပ် အခြေစိုက်စခန်းမှ ပြန်တက်ပြီး မကြာမီ ရေဒါမှ ပျောက်ကွယ် သွားခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ မီယာဇာကီခရိုင်ရှိ နာယူတာဘာရူ လေတပ် အခြေစိုက်စခန်းသို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၊ မီးသတ်ဌာနနှင့် ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ မေ ၁၄**

သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေး၊ ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရေး၊ ဘေးကျရောက်သည့်အခါ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ကျရောက်ပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့တို့၏ (၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုများအနေဖြင့် ရေကြီးရေလျှံမှုနှင့် ကမ်းပြိုမြေပြိုမှုများ နှစ်စဉ်ကြုံတွေ့ရလေ့ရှိပြီး အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်စီမံထားကြရန် လိုကြောင်း၊ သဘာဝဘေးကျရောက်လာပါက ယာဉ်၊ ယန္တရားနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ အသင့်ပြင်ဆင်စုဖွဲ့ထားကြစေလိုကြောင်း၊ မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် ပြည်သူသိအောင် ထုတ်ပြန်ပေးရန်လိုပြီး လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကာ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ယခင်နှစ် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့မှု၊ ရေကြီးရေလျှံမှုနှင့် အခြားသဘာဝဘေးဖြစ်ပွားခဲ့မှု၊ ရှာဖွေကယ်ဆယ်ပြောင်းရွှေ့နေရာချထားပေးခဲ့ရမှု၊ ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားကုန်စသည်ဖြင့် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ယခင်နှစ် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုအခြေအနေ၊ ယခုနှစ် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး၊ လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းထားရှိမှု၊ ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးလျာထားပြင်ဆင်ထားရှိမှု၊ အရေးပေါ်တုံ့ပြန်နိုင်ရေးလူ၊ ယာဉ်၊ ယန္တရားများ စုဖွဲ့ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကယ်ဆယ်ရေးအဖွဲ့များက သဘာဝဘေးအရေးပေါ် တုံ့ပြန်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းသုံး KB–1 ကယ်ဆယ်ရေးလှေအစင်း ၂၀ ကို ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်များသို့ ဖြန့်ဝေပေးအပ်ပြီး အဆိုပါ ကယ်ဆယ်ရေးလှေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## “ချစ်စရာ့အရွယ် ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၄**

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV–HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၁၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ (၁) မူလတန်းကြိုကျောင်းနှင့် လှိုင်သာယာ (၂) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်းဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မေ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV – HD Channel တွင် မေ ၁၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “K– Music Show” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ “K– Music Show” တေးဂီတဖျော်ဖြေပွဲကို မေ ၁၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ကိုရီးယားနိုင်ငံတွင်ကြယ်လေးပွင့်အဆင့်ရှိသည့် ရိုးရာတူရိယာပညာရှင် ဟန်ချယ်ဝန်းနှင့် Girls Alert Group (GSA)၊ ကြယ်သုံးပွင့်အဆင့်ရှိသည့် Henny နှင့် Layers အဖွဲ့၊ ကြယ်နှစ်ပွင့် အဆင့်ရှိသည့် Dream kids ကလေးအဖွဲ့တို့က မြူးကြွသွက်လက်သည့် အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် မေ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် MRTV –HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်၌ အောင်နိုင်တိုးအထွက်တိုးစပါး စိုက်ပျိုးမည့် အသင်းသားတောင်သူများနှင့် တွေ့ဆုံ

**ကဝ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ကဝမြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးဆောင်ရွက်မည့် အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ထိုသို့တွေ့ဆုံရာတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုလှိုင်က ကဝမြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးဆောင်ရွက်မည့် အသင်းခြောက်သင်းမှ အသင်းသားဦးရေ ၁၃၅ ဦး၊ စိုက်ပျိုးဧရိယာဧက ၈၅၀ စိုက်ပျိုးမည့် အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ အထွက်တိုးမျိုးစပါး (အောင်နိုင်တိုး)စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုများ အချိန်မီထည့်သွင်းနိုင်စေရေး၊ မိုးစပါးအထွက်နှုန်း ပန်းတိုင်ပြည့်မီနိုင်စေရေးတို့ကို တွေ့ဆုံမှာကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



## ပြင်ဆင်ဖတ်ရှုပါရန်

၁၄–၅–၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ ပါ မူဆယ်မြို့ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ သတင်းတွင် **“သင်တန်းကျောင်းအနေဖြင့် သင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အထိ သင်တန်း ၆၀ ကြိမ် ဖွင့်လှစ်သင်ကြားပေးရာ သင်တန်းဆင်းပြီးသူပေါင်း ၂၅၀၀ ခန့်ရှိကြောင်း”** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

**ချယ်ရီမြေ(မူဆယ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# မိသားစုဝင်ငွေတိုးဖို့ ဘူးပင်စိုက်ကြစို့

ဟိန်းထက်နိုင်(ဥသာ)

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် ၎င်းတို့အတွက် အခြေခံကျသော လူမှုစီးပွားရေးဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားဖြစ်ဖြစ်စေ၊ တစ်နိုင်တစ်ပိုင်ဖြစ်စေ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေးအတွက် အထောက်အကူပြု ဝလံအုပ်စုဝင် ဘူးပင်စိုက်ပျိုးရေးအား တင်ပြသွားမည်ဖြစ်ပါသည်။

ဘူးပင်၏ မူရင်းဒေသမှာ အာဖရိကတိုက်မှ စတင်ပေါက်ရောက်ပြီးနောက် တောင်အမေရိကတိုက်ဘက်သို့ ပျံ့နှံ့ရောက်သည်ဟု သိရပါသည်။ ဘူးပင်သည် အရှေ့တောင်အာရှနိုင်ငံများတွင် စိုက်ပျိုးကြသော ဝလံမျိုးနွယ်တစ်မျိုးဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံး အသီးသီးနိုင်သော ဝလံမျိုးနွယ်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးအသီးသီးအောင် ဆောင်ရွက်လျက်ရှိသည်ကို လေ့လာသိရှိရပါသည်။

ဘူးပင်သည် အရွက်ဖားဖားနှင့် နွယ်တက်ပင်မျိုးဖြစ်ပြီး သုံးလတစ်ကြိမ် အသီးသီးပါသည်။ အပွင့်မှာ မြေဖြူရောင်ရှိပြီး ညအချိန်တွင်သာပွင့်၍ ပင်တည်းဝတ်မှုန်ကူးခြင်းဖြင့် မျိုးပွားပါသည်။ ဘူးသီးများသည် အရွယ်အစားစုံသီးတတ်ပြီး အရည်ရွှမ်းသည်။ စိုက်ပြီးနှစ်လအကြာတွင် ပန်းစတင်ပွင့်သည်။ ဘူးပင်သည် မိုးရေကို အဓိကထားစိုက်ပျိုးကြသော်လည်း ရေအခြေအနေပေးပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် အားသာချက်ရှိသောအပင် ဖြစ်ပါသည်။

ဘူးသီး၏ ပုံသဏ္ဌာန်ကိုလိုက်၍ ဘူးသပိတ်၊ ဘူးလည်လှ၊ ဘူးရှည်၊ ဘူးရှည်စက၊ ဘူးရေမှုတ် ဟူ၍ အမျိုးမျိုးခေါ်တွင်ကြပါသည်။

(က) ဘူးသပိတ် - ဤဘူးပုံသဏ္ဌာန်သည် သပိတ်ပုံရှိပြီး အလွန်အလုံးကြီးသည်။ လည်ပင်းမရှိချေ။

(ခ) ဘူးလည်လှ - ဤဘူးသည် လည်ပင်းရှိ၍ လှသည်။ ဤဘူးမျိုးကို ရင့်သည့်တိုင်အောင်ထားပြီး အထဲမှ အစေ့များထုတ်၍ ရေဘူးလုပ်ကြသည်။ အလွန်ပူအိုက်သော နွေရာသီတွင် ကျေးလက်တောရွာများ၌ ဘူးခါးရေနှင့် ကြမ်းကြားလေသည် အေးမြသောအသွင်ကို ဖော်ကျူးကြပါသည်။

(ဂ) ဘူးရှည်စက - ဤဘူးမျိုးသည် အရှည်လည်းမဟုတ်၊ အပုလည်းမဟုတ် စကဖြစ်သည်။

(ဃ) ဘူးရှည် - ဤဘူးမျိုးကို ဆင်နှာမောင်းမျိုးဟုလည်း ခေါ်သည်။ အချို့ ခုနစ်ပေခန့်အထိ ရှည်သည်။

(င) ဘူးရေမှုတ် - ဤဘူးမျိုးသည် လက်သီးဆုပ် သာသာရှိပြီး လည်ပင်းမှာ တစ်တောင်ခန့် ရှည်သည်။ တောင်သူကြီးများသည် ယင်းဘူးကို အလျားလိုက် အလယ်မှခွဲပြီးလျှင် ရေခပ်ရန် ရေမှုတ် ပြုလုပ်ကြသည် ။

ဘူးပင်၏ အင်္ဂလိပ်အမည်မှာ Bottle Gourd ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Lagenria Vulgaris ဖြစ်ပါသည်။ မျိုးရင်း Cucurbitaceae အတွင်း ပါဝင်ပါသည်။

မြေအမျိုးအစားအများအပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း သဘာဝမြေဆွေးများနှင့် ကြွယ်ဝနေသော၊ ရေသွင်းရေထုတ်ကောင်းမွန်စွာ ပြုလုပ်နိုင်သော နုန်းမြေအမျိုးအစားတွင် ပိုမိုအထွက်ကောင်း၍ အရည်အသွေးပြည့်မီသော အသီးများ ထုတ်လုပ်ပေးနိုင်ပါသည်။ မြေအချဉ်အငန်ဓာတ် ခြောက်နှင့် ခုနစ်ကြားတွင် ပိုမိုဖြစ်ထွန်းနိုင်ပါသည်။

ပူနွေးသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး အအေးဒဏ်ကိုအသင့်အတင့် ခံနိုင်ရည်ရှိပါသည်။ သို့သော် ဆီးနှင်းဒဏ်ကို ခံနိုင်ရည်မရှိပါ။

ဘူးပင်ကို အထက်မြန်မာပြည်၌ မေလနှင့် ဇွန်လများတွင်စိုက်ပျိုးပြီး အောက်မြန်မာပြည်တွင်မူ ဆောင်းတွင်းပိုင်း အောက်တိုဘာလတွင် အများအပြားစိုက်ပျိုးပါသည်။ စိုက်ပျိုးနည်းမှာ မြေဆွေးဓာတ်မြေဩဇာများ သမအောင်မွှေထားသောမြေကို စိုက်ပေါင်းများပြုလုပ်၍ စတင်စိုက်ပျိုးပါသည်။

ဘူးသည် စင်တင်စိုက်ပျိုးရသော အပင်တစ်မျိုးဖြစ်ပြီး ပေါင်တင်၍စိုက်ပျိုးနိုင်ပါသည်။ စိုက်ပေါင်မြေကို ပေါက်တူးဖြင့်ပေါက်ပြီး မြေဆွေးနှင့် သမအောင်ရော၍ စိုက်ပေါင်ပြုလုပ်ပါသည်။ စိုက်ပေါင်တစ်ပေါင်လျှင် အလျား ငါးပေ၊ အနံ သုံးပေ၊ အမြင့် တစ်ပေခန့်ထား၍ ပြုလုပ်ကြပါသည်။

ဘူးပင်တစ်ကေလျှင် နွားချေး (သို့မဟုတ်) သစ်ဆွေးမြေဩဇာ နွားလှည်း (၁၀ မှ ၂၀) အထိ လိုအပ်ပြီး ဓာတ်မြေဩဇာတစ်ကေလျှင် ယူရီးယား ၂၀ ကီလိုဂရမ် ၁၂ ပိဿာနှင့် တီစူပါ ၂၄ ကီလိုဂရမ် ၁၄ ပိဿာကျော်ခန့် လိုပါသည်။ စိုက်ပေါင်များ ပြုလုပ်ရာတွင် ဓာတ်မြေဩဇာနှင့် မြေဆွေးများကို သမအောင်ရောမွှေပေးရပါမည်။ တီစူပါမြေဩဇာကို ပထမအကြိမ် ၂၀ ကီလိုဂရမ် ၁၂ ပိဿာနှင့် ယူရီးယားဓာတ်မြေဩဇာ ၁၀ ကီလိုဂရမ် ခြောက်ပိဿာကို စိုက်ပေါင်ပြုလုပ်စဉ် ထည့်ပေးပြီးနောက် ကျန်သောယူရီးယား ၁၀ ဂရမ်ကို ပန်းစတင်ပွင့်ချိန်တွင် ထည့်ပေးရမည်ဖြစ်ပါသည်။

ဘူးပင်ကို ပျိုးထောင်ရာတွင် မြေဆွေးထည့်ထားသော ပလတ်စတစ်အိတ်တွင်း ဘူးစေ့နှစ်စေ့ခန့် အပင်အရွက် သုံးရွက် လေးရွက်ထွက်လျှင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပါသည်။

စင်တင်စိုက်ပါက စိုက်ပေါင်အလျားငါးပေ၊ အနံ သုံးပေ၊ အမြင့် တစ်ပေခန့် ပေါင်ပြုလုပ်ပြီး မျိုးစေ့များကို တစ်ကျင်းနှင့်တစ်ကျင်း တစ်ပေခြား၍ တစ်ကျင်းလျှင် ဘူးစေ့ ခုနစ်စေ့ထည့်ပေးပြီး စိုက်ရပါသည်။ ဘူးပင်များပေါက်လာလျှင် တစ်ကျင်းလျှင် နှစ်ပင် ချန်ထားလျှင် သင့်တော်ပါသည်။

ကျင်းဖြင့်စိုက်ပျိုးပါက အနက် ၁ ဒသမ ၅ ပေ၊ အနံ နှစ်ပေ၊ အလျား သုံးပေရှိ ကျင်းများတူးပြီး နွားချေးနှင့်မြေဆွေး ဆတူရော၍ ကျင်းနှုတ်ခမ်း (၃-၄) လက်မအလိုခန့်အထိထည့်ပြီးလျှင် အပေါ်မှ မြေရိုးရိုးကိုဖို့ရပါမည်။ တစ်ကျင်းလျှင် ခုနစ်ပင်၊ ရှစ်ပင်ခန့်စိုက်ရမည်။ အပင်ငယ်များ တစ်ထွာခန့် မြင့်လာသောအခါ တစ်ကျင်းလျှင် နှစ်ပင်ချန်ပြီး ကျန်အပင်များကို နုတ်ပစ်ရမည်။ အပင်လေးများ နွယ်တက်နိုင်ရန် ဝါးခြမ်းထောင်ပေးရမည်။ အပင်လေးများ လသားအထိ အပင်ခြေရင်း ပေါင်းလိုက်ပေးရပါမည်။

ဘူးပင်ကို တစ်ပိုင်တစ်နိုင် စင်တင်စိုက်ပျိုးနိုင်သကဲ့သို့ အရွက်စားသုံးနိုင်ရန်အတွက် ခြံစည်းရိုးများတွင် တင်၍လည်းကောင်း၊ စိုက်ခင်းများတွင် ကျင်းတူး၍လည်းကောင်း စိုက်ပျိုး၍ အပင် တစ်လသားတွင်စတင်ကာ ဘူးညွန့်များခူး၍ ရောင်းချခြင်း၊ စားသောက်ခြင်းများ ပြုလုပ်နိုင်ပါသည်။

ဘူးပင်ကို မေနှင့် ဇွန်လများတွင် စိုက်ပျိုးနိုင်သကဲ့သို့ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးနိုင်သည်။ တစ်ကေလျှင် မျိုးစေ့နှုန်းမှာ (၂-၃) ကီလိုဂရမ် (တစ်ပိဿာ ၂၀ ကျပ်သားမှ တစ်ပိဿာ ၈၀ ကျပ်သား)လိုအပ်ပါသည်။ နောင်နှစ်တွင် စိုက်ပျိုးရန် ဘူးမျိုးစေ့ရရှိရန်အတွက် မိမိစိုက်ပျိုးသော စိုက်ခင်းအတွင်းမှ အကောင်းဆုံး၊ အကြီးဆုံး ဘူးသီးသုံးလုံးခန့်ကို အပင်တွင်ရင့်အောင်ထားရှိပြီး မျိုးထားရန်လိုပါသည်။ ဘူးသီးတစ်လုံးလျှင် မျိုးစေ့ ၁၅၀ မှ ၂၀၀ ခန့်အထိ ရရှိနိုင်ပါသည်။ မျိုးကောင်း မျိုးသန့်ရရှိရန်အတွက် မိမိဒေသထွက်မျိုးများကို ထားရှိပြီး စနစ်တကျထိန်းသိမ်းထားရန် လိုအပ်ပါသည်။ အထက်မြန်မာပြည်တွင် ဘူးကို မိုးတွင်းတွင် စိုက်ကြသဖြင့် မိုးတစ်ပတ်ခန့်ပြတ်သွားပါက ရေလောင်းပေးရန်လိုအပ်ပါသည်။ အောက်မြန်မာပြည်တွင် ဆောင်းစိုက်ခင်းများအတွက်မူ သုံးရက်ခြား တစ်ကြိမ် ရေသွင်းပေးရန်လိုအပ်ပါသည်။ ဘူးပင်လေးများ တစ်လသားခန့်ရှိလျှင် ပေါင်းမြက်များကို ရှင်းလင်းပေးရန် လိုပါသည်။

ဘူးစိုက်ရာတွင် ကျိုင်းကောင်နှင့် ပျပိုးများကို ထိရောက်စွာနှိမ်နင်းရန်လိုအပ်ပါသည်။ ထိရောက်စွာမနှိမ်နင်းနိုင်ပါက အပင်ငယ်များ သေကျေပျက်စီးနိုင်ပါသည်။ ဘူးပင်ကို ပိုးသတ်ဆေးပက်ဖျန်းပါက ဓာတ်ကြွင်းအာနိသင်ဖြစ်စေနိုင်သည့် ပိုးသတ်ဆေးများ မပက်ဖျန်းမိစေရန်အတွက် နီးစပ်ရာစိုက်ပျိုးရေး ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သင့်ပါသည်။

ဘူးပင်စိုက်ပျိုးပြီး တစ်လခန့်ကြာလျှင် ဘူးညွန့်များခူးရပါသည်။ ဘူးညွန့်ခေါင်ညွန့်ကို ချိုးနှိမ်ပေးမှသာလျှင် ဘူးညွန့်များများထွက်လာပြီး အသီးများတင်နိုင်မည်ဖြစ်ပါသည်။ ဘူးခေါင်ညွန့်ကို ဖြတ်လိုက်ခြင်းကြောင့် အပင်ကြားမှအရွက်များ ထွက်ပေါ်လာပြီး အတက်များမှ အသီးများလည်း တင်လာမည်ဖြစ်ပါသည်။ ကိုင်းကျွန်းမြေများတွင် ဘူးပင်တစ်ပင်လျှင် ဘူးသီး အလုံး ၃၀ ခန့် သီးကြောင်း လေ့လာသိရှိရပါသည်။

ဘူးသီးကို စိုက်ပြီးနောက် ၇၅ ရက်မှ ၉၀ ရက်အကြာတွင် စတင်ဆွတ်ခူးနိုင်ပါသည်။ ရင့်လွန်းပါက ချက်ပြုတ်စားသောက်ရန် မကောင်းသကဲ့သို့ နုပါကလည်း အခါးဓာတ်ရှိပါသည်။ သို့အတွက် ဘူးကိုမနုမရင့်အနေတော်ခူးရပါသည်။ တစ်ကေလျှင် ဘူးသီးအလုံးရေ ၆၀၀၀ မှ ၈၀၀၀ အထိ ထွက်ပါသည်။ ဘူးသီးနှင့်ဘူးညွန့်များ၏ ဈေးကွက်အခြေအနေကိုလိုက်၍ တစ်ကေလျှင် ရှစ်သိန်းမှ ၁၀ သိန်းကျပ်အထိ အကျိုးအမြတ် ရရှိနိုင်ပါသည်။ ထို့ကြောင့်ပင် မြန်မာလူမျိုးတို့၏ စကားပုံများတွင် ဘူးဆို ဖရုံမသီး၊ ဘူးလေးရာဖရုံဆင့်၊ ဘူးကောင်းတော့စင်ခံ လင်ကောင်းတော့စံ၊ ဘူးသီးသီးမှ အရီးလာမတော်နှင့် စသည့်စကားပုံများရှိခဲ့ခြင်း ဖြစ်ပါသည်။

ဘူးသီးနှင့်ပတ်သက်၍ မြန်မာလူမျိုးတို့သည် ဟင်းလျာအဖြစ်လည်းကောင်း၊ သရေစာအဖြစ်လည်းကောင်း၊ ဘူးသီးကြော်၊ ဘူးသီးချဉ်၊ ဘူးသီးကြက်သားဟင်း၊ ဘူးသီးမြေပဲထောင်းသုပ်၊ ဘူးသီးခေါက်ဆွဲကြော်၊ ဘူးသီးဟင်းခါးအဖြစ် အမျိုးမျိုးပြုလုပ်သုံးစွဲကြသည်။ ဘူးညွန့်ကိုလည်း ကြော်၍စားခြင်း၊ ချက်၍စားခြင်း၊ အတို့အမြှုပ်ပြုလုပ်၍ စားခြင်းအပြင် ဆောင်းရာသီတွင် နှင်းဓာတ်ဖြင့် သီးသော ဘူးသီးများကိုလည်း ဘူးသီးချောင်းကြော် အဖြစ်ပြုလုပ်၍ လူတိုင်းကြိုက်နှစ်သက်စွာ စားသုံးကြပါသည်။

ဘူးသီးကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက်ရရှိသော ကောင်းကျိုးများမှာ ဘူးသီးမှ ရရှိသောသတ္တုရည်သည် အမြဲတမ်းသုံးစွဲပါက ကျန်းမာရေး အထောက်အကူဖြစ်စေပါသည်။ အစာကြေခြင်း၊ ဝမ်းမှန်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကိုလည်း သက်သာပျောက်ကင်းစေပြီး ခန္ဓာကိုယ်သွေးအတွင်းရှိ သကြားဓာတ်ကို ထိန်းညှိပေး၍ ဆီးချိုသွေးချိုရောဂါဖြစ်သူများအတွက် ပိုမိုစားသုံးပေးသင့်ပြီး ဝမ်းချုပ်ခြင်းကို သက်သာစေကာ အိပ်မပျော်သော ရောဂါကို ကုသရန်အတွက် အသုံးပြုနိုင်ပါသည်။ ဘူးရွက်မှာလည်းအမျှင်ဓာတ်များစွာပါရှိ၍ အစာအိမ်အူလမ်းကြောင်းကို သန့်စင်ပေးသည့်အတွက် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသောကြောင့် နေ့စဉ်စားသုံးပေးသင့်သော သီးနှံတစ်မျိုး ဖြစ်ပါသည်။

ဘူးပင်စိုက်ပျိုးခြင်းဖြင့် ထွက်ရှိသော ဘူးသီး ဘူးရွက်များကို စားသုံးသူများအနေဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးရပြီး စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း ရင်းနှီးစိုက်ထုတ်ငွေနည်းပါးပြီး မိသားစုအတွက် မီးဖိုချောင်သုံး နေ့စဉ်ဝင်ငွေရရှိ၍ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေပြီး စိုက်ပျိုး၍လွယ်ကူသော ဘူးပင်ကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးနိုင်သကဲ့သို့ မိမိတို့ အိမ်ခြံမြေများတွင်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိစေရန်နှင့် ကျန်းမာရေးအတွက် ကောင်းကျိုးပြုသည့် ဘူးပင်ကို စိုက်ပျိုးသွားရန် တင်ပြအပ်ပါသည်။ ။



ဘူးပင်မျိုးကွဲများ။

❒ **ဘူးသီးကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက်ရရှိသော ကောင်းကျိုးများမှာ ဘူးသီးမှ ရရှိသောသတ္တုရည်သည် အမြဲတမ်းသုံးစွဲပါက ကျန်းမာရေး အထောက်အကူဖြစ်စေ**

❍ **ဘူးရွက်မှာလည်းအမျှင်ဓာတ်များစွာပါရှိ၍ အစာအိမ်အူလမ်းကြောင်းကို သန့်စင်ပေးသည့်အတွက် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသောကြောင့် နေ့စဉ်စားသုံးပေးသင့်သော သီးနှံတစ်မျိုးဖြစ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၉၀ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၉၀ အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့်ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မကွေး မေ ၁၄**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" "Ending Plastic Pollution Globally" ဟူသည့် ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက မကွေးမြို့ အလက(ရဲကျောင်း) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့မှ အခြေခံပညာအထက်တန်းအဆင့်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁ ဦး ယှဉ်ပြိုင်ဖြေဆိုနေမှုကို မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် မေ ၁၄**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညမှ မေ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


၁၅-၅-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

◆ *ကျောဖုံးမှ*

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေး ဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၃၁၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၂၅၃၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၅၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့၊ (၄) မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၄၂၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၇၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်းရွှေစင်စကြာကားဂိတ်ရှေ့၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၃၂၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Iveco Delivery Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၃၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၂၀၈၃၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၁၈၈၁၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Yati ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၄၆၂၇၁၁၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားစက်လှေ ကိုးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀၀) ကို မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းဥပဒေအရ လည်းကောင်း၊ ထားဝယ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁၀ တန်နှင့် ဆက်စပ်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀၀၀ ကို သစ်တောဥပဒေ အရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၄၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၇၄၇၇၅၈၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့နှင့် အင်းစိန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့တကောင်းရပ်ကွက် ရတနာပုံတံတားအနီးတွင် မင်းမော်ဟိန်း မောင်းနှင်ပြီး သိန်းဇော် လိုက်ပါလာသည့် LIGHT TRUCK အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၅၀) ကို ဖမ်းဆီးရမိခဲ့သည်။

မေ ၁၃ ရက် ညနေ ၃နာရီခွဲတွင် အင်းစိန်မြို့နယ် ရွာမ(အနောက်) ရပ်ကွက်နေ မခင်လေးမြင့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသကာလတန်ဖိုး ငွေကျပ် ၄၄ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ စိုးစိုး(ခ) ရခိုင်ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကရင်ပြည်နယ်၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ မြေလွတ်မြေရိုင်း (လယ်လုပ်)အား စိုက်ပျိုးမြေဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **Lot No** – (6)
(ခ) **ဆောင်ရွက်မည့်လုပ်ငန်း** – မြေလွတ်မြေရိုင်း(လယ်လုပ်)အား စိုက်ပျိုးမြေ ဖော်ထုတ်ခြင်းလုပ်ငန်း
(ဂ) **လုပ်ငန်းပမာဏ(ဧက)** – ၂၀၀ ဧက
(ဃ) **ဆောင်ရွက်မည့်တည်နေရာ** – ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ ကော့မူးတာကျေးရွာအုပ်စု၊ မူးကဝါကျေးရွာ
(င) **တင်ဒါပုံစံရောင်းချမည့်ရက်** – (၁၅–၅–၂၀၂၅) ရက်မှ (၂၈–၅–၂၀၂၅) ရက်ထိ
(စ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** – (၂၉–၅–၂၀၂၅) ရက် (၁၆:၃၀)နာရီထိ
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** – ပြည်နယ်ဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန ကရင်ပြည်နယ်၊ ဘားအံမြို့
(ဇ) **တင်ဒါဖွင့်မည့်ရက်** – ထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်များကို ကရင်ပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ ဖုန်း–၀၉–၉၆၄၀၈၈၄၁၈၊ ၀၉–၅၁၉၂၇၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၄)ရပ်ကွက်၊အကွက်အမှတ်(၈၃/ခ)၊ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၃၁/ခ)၊ ဧရိယာ ၀ ဒသမ ၀၀၂ ဧက၊ ဦးပိုင်အမှတ် (၃၂/ခ)၊ ဧရိယာ ၀ဒသမ၀၇၇ဧကရှိ ဒေါ်မြမြ၊ ဒေါ်သန်းညွန့် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ အမှတ်(၅၈)နေ ဦးထွန်းလင်း (ခ) ဦးထွန်းမြင့် မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာ သည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက် သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ဖခင်အမည်မှန်

မမြတ်နိုးပွင့် ၁၂/အလန (နိုင်) ၀၅၅၆၇၁ ၏ ဖခင် အမည်မှန်မှာ ဦးသိန်းဇံ ၁၂/လမတ(နိုင်)၀၂၅၉၉၂ ဖြစ်ပါကြောင်း။

**ဦးသိန်းဇံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/48234 Honda Dream 125 ယာဉ် လက်ဝယ်ရှိသူ ဦးစိန်ကြည် ၁၄/ဘကလ(နိုင်) ၁၀၂၁၅၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/2350 Honda Dream ND 125 ယာဉ်လက်ဝယ် ရှိသူ ဦးကျော်သီဟ ၁၄/တလန(နိုင်) ၁၄၁၉၂၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး)ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမင်းမင်းထွန်း | – | ၄၀၄ᴬ/ နဝဒေးအိမ်ရာ | ၂၁ᶜ | ၀.၃၀၅ | နဝဒေး | သစ် |
| ၂ | ဒေါ်စုစုသိန်း ဒေါ်သီတာသိန်း | ဒေါ်ခင်သင်းရီ | ၁၅ᶜ/ မူယာပင်နွားပွဲဈေး | ၂၂ᵏ၊ ၂၃၊ ၂၆ᵏ၊ | ၀.၀၆၅ | ရွာဘဲ | ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၃–ခ)၊ ကုလားတန်း အကွက်၊ ဦးပိုင်အမှတ် (၆၂)၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ ဦးမောင်ညံပါ(၃)ဦး အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ကန်ကြီးထောင်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်းကျေးရွာနေ ဦးဝင်းနိုင်၊ ဦးသန်းထွဋ်တို့မှ ဘိုးဘပိုင် မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုး အကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃သမိုင်း)၊ မြေကွက် အမှတ်(၄/က)၊ ဧရိယာ(၂.၀၈၅)ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၄)၊ ဘောဂလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အုံးခင် အမည်ပေါက် မြေပိုင်မြေ၊ ၃(ခ) ထုတ်ပေးမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ၄၆ပေ/ ၃၆ ပေ x ၉၆ပေ အကျယ်အဝန်းရှိမြေကွက်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ ထားသူ ဒေါ်စန္ဒာ ၁၂/မရက(နိုင်)၀၆၃၈၇၃မှ တရားလိုပြုလုပ်၍ ဦးသန့်ဇင်အား တရားပြိုင်ထားရှိပြီး မရမ်းကုန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်– ၉/၂၀၂၄ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆို ပေးစေလိုမှုဖြင့် တရားစွဲဆို ခဲ့ရာ ၉–၇–၂၀၂၄ရက်တွင် ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် မရမ်းကုန်းခရိုင် တရားရုံး တရားမအယူခံမှုအမှတ် – ၉/၂၀၂၄ ကို တင်သွင်းခဲ့ရာ ၄–၉–၂၀၂၄ ရက်တွင် အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာမရီမှုအမှတ်–၉/၂၀၂၄(၅–၁၁–၂၀၂၄)အရ တရားရုံး ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးအထောက် အထားများ၊ တရားရုံး နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ အမည်ပေါက်စာချုပ် မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ဆိုရန် မြေပုံကူး Portion လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/3747 Yotong, Bus(4x2) ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Motor Co.,Ltd မှတ်ပုံတင်အမှတ် 106583439 က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းဌေး ၁၂/လမန (နိုင်)၀၃၂၄၉၁ ပိုင်ဆိုင်သော ကားနံပါတ် EE–9884 ၏CNG(Gas) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်သော ကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက် နိုင်ပါသည်။

**ဖုန်း–၀၉–၅၁၄၉၃၃၀**

## သွေးသည် အသက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်တွေတက္ကသိုလ်
## ပါရဂူ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်တွင်၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်–

(က) မြန်မာစာ
(ခ) သမိုင်း
(ဂ) သင်္ချာ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းများတက်ရောက်ရန် အောက်ပါသတ်မှတ်ချက် များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်–

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၂၅ ခုနှစ်၊ ဇွန်လ (၁) ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိ လျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်းဝင်ခွင့် စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူ ဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာန ဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ် ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင် ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိ လျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့် အဆင့်တူ သင်ကြားရေး ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှအချိန်ပြည့်(၁)နှစ်တက်ရောက်ခွင့် ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ကို CGPA–4.5 နှင့်အထက် ရရှိသည့်သူ (သို့မဟုတ်) အနိမ့်ဆုံးမဟာဘွဲ့အပြင် ကိုယ်ပိုင်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ စစ်တွေတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀–၅–၂၀၂၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် စစ်တွေတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်–

(က) ၂၂–၅–၂၀၂၅ရက် (ကြာသပတေးနေ့) ၉:၀၀နာရီ မှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၂၃–၅–၂၀၂၅ရက် (သောကြာနေ့) ၉:၀၀နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထား သူများကို ၂၉ –၅–၂၀၂၅ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ (ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနမှူး၊ သင်တန်းရေးရာဌာန ဖုန်း–၀၉–၄၅၀၀၄၁၉၀၅ ထံတွင် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဌာနမှူး (သင်တန်းရေးရာ)**
**စစ်တွေတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅– ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့်ထန်းခေါက်တောင်း များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါ အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ် ပါသည်–

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၁၄ – ၅ – ၂၀၂၅)(အင်္ဂါနေ့)
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** – (၂၇– ၅–၂၀၂၅)(အင်္ဂါနေ့) (၀၉ : ၃၀)မှ(၁၃ : ၃၀)နာရီအထိ
(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** – (၂၈–၅–၂၀၂၅) (ဗုဒ္ဓဟူးနေ့)
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့် နေရာ** – မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/– နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅–၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက် ရာတွင် အသုံးပြုသော အမှိုက်သိမ်း(TC)သံကန် (အကြီး၊ အသေး)များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန်(အကြီး၊ အသေး)များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၁၄–၅–၂၀၂၅)(အင်္ဂါနေ့)
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** – (၂၉ – ၅ –၂၀၂၅) (ကြာသပတေးနေ့) (၀၉:၃၀)မှ(၁၃:၃၀)နာရီအထိ
(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့**– (၃၀–၅–၂၀၂၅)(သောကြာနေ့)
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့် နေရာ** – မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/–နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန မှ ၂၀၂၅–၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသဂြိုဟ်စက်များ ပြင်ဆင် ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင် သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – ၁၄–၅–၂၀၂၅ရက်(အင်္ဂါနေ့)
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် ရက်/အချိန်** – ၂၃–၅–၂၀၂၅ရက် (သောကြာနေ့) – (၀၉:၃၀) မှ (၁၃:၃၀) နာရီထိ
(ဂ) **အိတ်ဖွင့်တင်ဒါဆောင် ရွက်မည့်နေ့** – ၂၆–၅–၂၀၂၅ရက် (တနင်္လာနေ့)
(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** – မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀၀၀/–နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်း ရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကြေညာခြင်း

ဒေါ်ခင်စန္ဒာထွန်း (ခ) မီးကမ်း ၁၂/ဥကတ(နိုင်)၁၃၈၅၄၂သည် ၃၀– ၁၀–၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘယသကြံ့ (၂၃)လမ်း၊ အမှတ်(၈၄၀) ပထမထပ်၊ ဘယ်အစွန်တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ ၎င်းတိုက်ခန်းတွင် တရားဝင်နေထိုင်လျက်ရှိသော ၎င်း၏အစ်မ ဖြစ်သူ ကျွန်မ ဒေါ်ခင်စမ်းဝင်း ၁၂/ဥကတ(နိုင်)၁၀၂၆၇၉မှ တစ်ဦးတည်းပိုင်ဆိုင် ပါကြောင်းနှင့် ကန့်ကွက်မည့်သူရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း တရားဝင်စာချုပ်စာတမ်းများနှင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ခင်စမ်းဝင်း ဖုန်း–၀၉–၄၅၆၃၄၅၆၆၄**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ် (၄)ရပ်ကွက်၊ အမှတ်(၅၅)ရှိ Dragon Land Hotel အား ယခင်ပိုင်ရှင် ဦးငွေဖြိုးဇော် (၇/ကဝန(နိုင်)၁၂၀၃၄)အမည်မှ ယခုပိုင်ရှင် ဒေါ်တင်တင်ဝင်း (၁၂/မရက(နိုင်)၁၁၄၇၂၆)သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း (၁၂/မရက(နိုင်)၁၁၄၇၂၆)**

## ကြော်ငြာစာ
## ပဲခူးခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃

**M.BGO Co.,Ltd.**
**(၎င်းကုမ္ပဏီ၏ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ**
**ဦးအောင်ကျော်သက်)** **လျှောက်ထားသူ**

**မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၁(စ)အရ**
**ကင်းလွတ်ခွင့်လျှောက်ထားခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ရန်ကုန်-မန္တလေး ကားလမ်း၊ အမှတ်(၁၃၁၂) ရှိ M.BGO Co.,Ltd.(၎င်း၏ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ကျော်သက်)ကမြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ သတ်မှတ်ကာလအတွင်း ကုမ္ပဏီပြန်လည်မှတ်ပုံတင်ရန်ပျက်ကွက်မှုအတွက် ယင်းဥပဒေ ပုဒ်မ ၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း အပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသည့် အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့်အား ရသင့် မရသင့်ကို ၂၀၂၅ခုနှစ်၊ မေလ ၂၃ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) နံနက် ၁၀ နာရီတွင် ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့် မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူမည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်သူ တစ်ဦးတစ်ယောက်မျှ မရှိပါက အဆိုပါလျှောက်ထားချက်အား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၅ခုနှစ်၊ မေလ (၁၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၀.၀၂၁)ဧကရှိ ဒေါ်သဇ္ဇာမော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမျိုးသက် (ခ) မျိုးသူ ၁၂/လသန(နိုင်)၀၀၁၅၉၁ မှ ဘိုးဘပိုင် မြေအမည်ပေါက်ပြောင်းလဲသတ်မှတ်ခြင်းစာအမှတ် ၀၀၄/၁၈-၁/နပတ(မြို့/မြေ)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန် လွှာမှတ်ပုံတင်အမှတ် (၀၆၃/၂၀၂၅)၊ သေဆုံးကြောင်းလက်မှတ်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၄)နေ ဒေါ်ရွှေသန်းကြည် ၆/ကသန(နိုင်)၀၂၂၈၂၆ နှင့် ဒေါ်ခင်သူသူဖြိုး ၆/ကသန(နိုင်) ၀၆၄၁၃၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ဘန်းကချွန်ကျေးရွာ၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၇၉)၊ ဧရိယာ(၀ဒသမ၁၇)ဧကရှိ ဥယျာဉ်ခြံမြေမှာ ဦးစည်သူစိုးနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေသန်းကြည်၊ ဒေါ်ခင်သူသူဖြိုးတို့(၃)ဦး ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဥယျာဉ်ခြံမြေအား ဦးစည်သူစိုး အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများကို ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၀၇)**
**ရုံးခန်းလိပ်စာ-အမှတ်-၁၁၂(ပထမထပ်)၊ မြင်တော်သာလမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၀၄၄၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/97961, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၇/ပခန(နိုင်)၃၃၅၆၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/2900 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်မျိုးဇော် ၇/မညန(နိုင်)၀၉၈၅၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## တိုက်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၄

| | |
|---|---|
| ၁။ ဒေါ်မိုး(ခ)ဒေါ်သောင်းဦး | ၁။ ဒေါ်ခင်သိန်း ၂။ ဒေါ်ခင်ညိမ်း |
| (ကွယ်လွန်သူ ဦးအေးကြိုင်၏ဇနီး နှင့် | ၃။ ဒေါ်အုံးမြ ၄။ ဒေါ်တင်တင်မြင့် |
| ၂။ မောင်ဖိုးသကြ်န် | ၅။ ဦးသိန်းစိုးဦး ၆။ ဒေါ်နီလာခိုင် |
| (ကွယ်လွန်သူ ဦးအေးကြိုင်၏သား) | ၇။ ဒေါ်သူဇာ |
| **(တရားလိုများ)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ စိန်ကြီး(၅)လမ်း၊ အိုးတန်းရပ်ကွက်နေ တရားပြိုင်အမှတ်(၇)ဒေါ်သူဇာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက နှစ်ဖက်အမှုသည်တို့ ပူးပေါင်းလိမ်လည်၍ ရရှိသော ဒီကရီပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စား ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ(၂၃)ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) မွန်းမတည့်မီ(၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၂) ရက် ဤရုံးတံဆိပ်ခပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေဆုမွန်ကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၄၆ᵉ/၁)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်သဇ္ဇာမော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမျိုးသက်(ခ)မျိုးသူ ၁၂/လသန(နိုင်)၀၀၁၅၉၁မှ ဘိုးဘပိုင်မြေဦးပိုင်ခွဲစိတ်အမည်ပေါက်ပြောင်းလဲသတ်မှတ်ခြင်း စာအမှတ်၊ ၀၄၅/၁၈-၁/နပတ(မြို့/မြေ)၊ပိုင်ဆိုင်ကြောင်း၊ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၀၆၂/၂၀၂၅)၊ သေဆုံးကြောင်းလက်မှတ်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှာမရပ်၊ မြေဧရိယာ (၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၄၆၇၉)ကို အမည်ပေါက် ဦးဝင်းမောင် (ဘ)ဦးသောင်းပြောင် ၉/ပမန(နိုင်)၀၉၅၈၉၉ မှ ဒေါ်စန်းစန်းမင်း (ဘ)ဦးခင်မောင်ကြည် ၁၂/ဒဂန(နိုင်)၀၂၅၄၆၈နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁၉)၊ ပြည်ထောင်စုလမ်းသွယ်(၆)၊မြေကွက်အမှတ်(၃၄၆)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဒေါ်နော်ဆွေဖော(ခ)နော်မြညွန့် (ITBN-၀၂၆၂၆၆) (၁၂/အစန(နိုင်)၀၄၅၉၇၃) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြမြဇော် (၁၂/ဗဟန(နိုင်)၀၄၁၈၈၉) မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနန်းဝင်းကို (၉/မသန(နိုင်)၁၁၉၇၂၃)မှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## အမည်ပြောင်း

သုံးဆယ်မြို့၊ ဈေးရပ်ကွက်၊ လမ်းမတော်နေ ဦးအောင်ဘိုဘိုဝင်း-ဒေါ်သူဇာ သွင်တို့၏သား သမီးများဖြစ်ကြသော ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မောင်ဉာဏ်ရွှေသွေးမင်းအား မောင်သန့်သူရရွှေသွေးဟုလည်းကောင်း၊ Grade (4)မှ မမေဘုဏ်းခင်ခင်အား မဘုဏ်းကြည်ဖြူမေဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၁၅၊ အရှေ့ပိုင်း)၊ ဦးပိုင်အမှတ်(၂၀၉)၊ ဧရိယာ(၀ဒသမ ၀၂၉)ဧကရှိ မြေအား မအူပင်ခရိုင် ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ သီဟလမ်းနေ ဒေါ်မြင့်ကြည်မှ မြေငှားဂရန်အသစ် လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဒေါ်မြင့်ကြည် ၁၄/ပတန(နိုင်)၁၃၀၂၇၄**

**သီဟလမ်း၊ အလယ်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၆၂)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဒေါ်ခင်သန်းဆွေ(AA-၀၁၈၅၂၄)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မင်းထွေး ၉/တသန(နိုင်)၁၂၄၉၂၈မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှရီ ၁၂/ရကန(နိုင်)၀၂၈၉၃၂မှ ဝယ်ယူရန် အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LL.B,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မ-မလိထွယ်နူးမိုင် ၁/ဗမန(နိုင်)၀၈၉၀၇၆၏ ပတ်စ်ပို့နံပါတ် (MO-36219)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၇၄၀၀၈၆၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးဆန့်လွှမ်းခေါင် ၁/မကန(နိုင်)၀၉၄၃၃၅ ၏ ပတ်စ်ပို့နံပါတ်(M-298344) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၁၃၁၁၀၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်လွှမ် ၁/ဝမန(နိုင်)၀၅၆၅၂၆၏ ပတ်စ်ပို့နံပါတ် (MB-262570) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၂၇၀၈၃၈**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမောင်ရွှေ ၁၂/လမန(နိုင်)၁၁၈၉၇၉ ၏ ပတ်စ်ပို့နံပါတ် (M-465992)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၇၄၁၉၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ် (၃၄၄)၊ ရတနာလမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၃၄၄)၊ မြေဧရိယာ (၂၄၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC မျိုးအစား ၈-ထပ်တိုက် ဆောက်လက်စအဆောက်အအုံအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မြင့်ဦး (ဘ) ဦးမြင့်ဆွေ (၁၀/မဒန(နိုင်)၁၄၇၇၅၇)၊ အမှတ် (၁၆)၊ ဝေဇယန္တာလမ်း၊ ငွေကြာယံ၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (HGP,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅)** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း -၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်ကိုလတ် | ပုသိမ် | ရကအ(၁၃) | ၅၂/ကင်မလင်းကျွန်း | ၂၉/က | ၀.၀၃၆ | ဦးပိုင်ခွဲ/ အမည်ပြောင်း |
| ၂ | ဦးအောင်ကိုဝင်း | ပုသိမ် | ရကအ(၁၃) | ၅၂/ကင်မလင်းကျွန်း | ၂၉/ခ | ၀.၀၃၃ | ဦးပိုင်ခွဲ/ အမည်ပြောင်း |
| ၃ | ဒေါ်ချိုဇင်သန့် | ပုသိမ် | ရကအ(၁၃) | ၅၂/ကင်မလင်းကျွန်း(စံပြ) | F- ၁၆၆/ခ | ၀.၀၂၇၅ | ဦးပိုင်ခွဲ/ အမည်ပြောင်း |
| ၄ | ဒေါ်နန်းလှမျိုးနွယ် | ချောင်းသာ | ရကအ(၃) | ၁၉၉၀/ချောင်းသာ | ဇ-၁၂ | ၀.၁၆၅ | အမည်ပြောင်း |
| ၅ | ဒေါ်နန်းလှမျိုးနွယ် | ချောင်းသာ | ရကအ(၃) | ၁၉၉၀/ချောင်းသာ | ဇ-၁၃ | ၀.၁၆၅ | အမည်ပြောင်း |
| ၆ | ဒေါ်စိုးစိုးမော် | ပုသိမ် | ရကအ(၃) | ၂၈/ပိန္နဲကုန်း | ၅၁-စ | ၀.၀၆၅ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/25382, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၁၄/ကပန(နိုင်)၁၅၁၂၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/7048, BAJAJ MAXIMA-Z, T/W အား စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၁၁/စတန(နိုင်)၀၉၃၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး (စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/3528, BAJAJ MAXIMA-Z အား စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၁/စတန(နိုင်) ၁၀၂၀၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(စစ်တွေ)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ ပေါ်တော်မူ ကျေးရွာနေ ဦးအောင်မာဒင်၏ သမီး ကျွန်မ ဒေါ်ခင်ဌေး ၁၀/သထန (နိုင်) ၀၇၀၀၂၉ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်ကို အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၇၆၄၂၉၆**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ရွှေတံခါးအပိုင်း(၁)၊ ပျားဂေဟာလမ်း၊ အိမ်အမှတ် (၁/၁၇/၂၄၇)နေ (ဘ)ဦးချစ်တီး၏ သမီး ဒေါ်တုပ်၏ အမည်မှန်မှာ ဒေါ်စိုးကြည် (၇/ပတန(နိုင်) ၀၇၂၅၂၇) ဖြစ်ပါကြောင်း။ **ဒေါ်စိုးကြည်**
**၇/ပတန(နိုင်)၀၇၂၅၂၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/9101 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## တောင်ကြီးမြို့
## (ဌာနပိုင်မြေပေါ်တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်းအမှတ်(၈၀)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ(၃.၀၁၅) ဧကပေါ်တွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၃)ထပ်(၄၈'x၃၆'x၃၁') ဆောက်လုပ် မည်ဖြစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင် မည်သူမဆို Open Tender လျှောက်လွှာတင်သွင်းနိုင်မည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) **တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက်** - ၁၅-၅-၂၀၂၅ ရက်

(ခ) **တင်ဒါပုံစံရယူနိုင်သည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါမှတ်ပုံတင်ကြေးနှင့် ပေးသွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)

(င) **တင်ဒါလျှောက်လွှာပိတ်မည့်ရက် နှင့်အချိန်** - ၂၈-၅-၂၀၂၅ ရက် ၁၆၀၀ နာရီ

(စ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်နှင့်အချိန်** - ၂၉-၅-၂၀၂၅ ရက် ၁၆၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဌာနခွဲ(၁)၊ ဌာနစု(၂)၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ် ဖုန်းအမှတ်-၀၈၁-၂၁၂၁၀၈၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ကြည်ကြည်ခိုင် ၁၂/ကမတ(နိုင်)၀၀၇၅၁၁ (ဘ) ဦးအုံးခိုင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၁၆၈၅)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၁၆/၂၀၂၃ (၁၁-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိုးစန္ဒာ ၅/ခတန(နိုင်)၀၁၅၆၈၂ (ဘ)ဦးကြိုင်မှ ဒေါ်ယဉ်မင်းသိမ့် ၈/မသန(နိုင်)၀၅၉၂၄၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

